မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ သောကြာနေ့၊ အတွဲ (၄၂)၊ အမှတ် (၉၉)

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားများ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီလ ၄ ရက် နံနက် ၇ နာရီခွဲတွင် မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တက်ရောက်သည်။

သဝဏ်လွှာဖတ်ကြား

အစီအစဉ်အရ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုခြင်းများကို စစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်

စာမျက်နှာ ၉ ကော်လံ ၁ ■

(၅၇)နှစ်မြန်မာ့လွတ်လပ်ရေးနေ့သဝဏ်လွှာများပေးပို့ မြန်မာပြည်သားများ တိုးတက်ကြီးပွားစေကြောင်းဆုမွန်ကောင်းများပို့သ

ရန်ကုန် ဇန်နဝါရီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့ သဝဏ်လွှာများ ပေးပို့လျက်ရှိကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သောပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အတွက် မိမိဝမ်းမြောက်စွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ ရုရှားနိုင်ငံနှင့်မြန်မာနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုရှိသော ဆက်ဆံရေးသည် ပိုမိုအောင်မြင်ဖြစ်ထွန်းမည်ဟု မိမိယုံကြည်ပါကြောင်း၊ အဆွေတော် ကျန်းမာစေရန်နှင့် မြန်မာပြည်သူများ ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်း ပို့သပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာမီဟိုင်း ယူဖရက်ဒီကော့ဗ်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သမဝါယမ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် သမဝါယမ ထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော် – ၂၀၀၅

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ သမဝါယမဖြစ်ပေါ်တိုးတက်မှုကို ကြည့်မည်ဆိုလျှင် မြန်မာ့သမဝါယမ၏ အစသည် စစ်ကိုင်းခရိုင် မြင်းမူသမဝါယမငွေစုငွေချေးအသင်းက စတင်ခဲ့ကြောင်း တွေ့ရသည်။

သတင်းဆောင်းပါး
အထက်မင်းလှညွှန့်အောင်

စစ်ကိုင်းခရိုင် မြင်းမူသမဝါယမ ငွေစုငွေချေးအသင်းကို ၁၉၀၅ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် စတင်မှတ်ပုံတင် ဖွဲ့စည်းခဲ့ကြောင်း တွေ့ရသဖြင့် ၂၀၀၅ခုနှစ် ဇန်နဝါရီလ ၃ရက်နေ့တွင် မြန်မာ့သမဝါယမ နှစ်(၁၀၀)ပြည့်ပြီ ဖြစ်သည်။

သို့အတွက် သမဝါယမ နှစ်(၁၀၀)ပြည့်ကို ဂုဏ်ပြုသည့် ‘သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်–၂၀၀၅’ကို ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်ရှိ သမဝါယမ ကူးသန်းရောင်းဝယ်ရေး ဗဟိုဌာန (ဆရာစံပလာဇာ)တွင် ဇန်နဝါရီ ၇ ရက်**(ယနေ့)**မှ ၁၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

တစ်နှစ်လျှင်နှစ်ကြိမ်

သမဝါယမဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဈေးကွက်စီးပွားရေး ဖော်ဆောင်မှုနှင့်အညီ သမဝါယမအသင်းများ၏ ထုတ်ကုန်ပစ္စည်းများ ပြည်တွင်းပြည်ပဈေးကွက်ရရှိရေးနှင့် ရောင်းအားမြှင့်တင်ရေးအတွက် သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်များကို ရန်ကုန်မြို့တွင် တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

(ငမိုးရိပ်ရေထိန်းတံခါး စီမံကိန်းကို အကျယ် ၈ ပေ၊ အမြင့် ၁၂ ပေရှိသော ရေတံခါး ၁၈ပေါက်နှင့် သဲနုန်းထုတ် ရေတံခါးအကျယ် ၆ ပေ ၉ လက်မ၊ အမြင့် ၁၂ပေရှိ တံခါးရှစ်ပေါက် စုစုပေါင်း ရေတံခါး ၂၆ ပေါက်ဖြင့် ရေသွင်းရေထုတ် ပြုလုပ်မည်ဖြစ်သည်။ ရေတံခါးအတွင်းသို့ ငမိုးရိပ်ချောင်းမှ ပေ ၁၂၀၀ ရှည် ရေခေါ်မြောင်းမကြီးမှ ရေသွင်းမည်ဖြစ်၍ ပေ ၂၀၀၀ ရှည် ရေထုတ်မြောင်းမကြီးမှ ရေထုတ်မည်ဖြစ်ပြီးငမိုးရိပ်ချောင်း ဘေးဝဲ/ယာရှိ လယ်မြေဧက အကျိုးပြုဧရိယာ ၅၈၉၅ ဧက နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်မည်ဖြစ်သည်။)

ငမိုးရိပ်ရေထိန်းတံခါး စီမံကိန်း

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် စစ်ပင်တောင် ကျေးရွာအနီး စစ်ပင်တောင်ကွေ့တွင် ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသော ငမိုးရိပ် ရေထိန်းတံခါး စီမံကိန်း၌ ပါဝင်သော ပေ ၁၂၀၀ ရှည်သည့် ရေခေါ် မြောင်းမကြီး တူးဖော်မှုကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

နိုင်ငံတော်တည်ငြိမ်အေးချမ်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် ထိန်းသိမ်းမြှင့်တင်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများသည် ရှေးနှစ်ပေါင်းများစွာကပင် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြလျက် အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်၊ သုခ၊ ဒုက္ခများကို မျှဝေခံစားခဲ့ကြသည့် ညီရင်းအစ်ကို မောင်ရင်းနှမများဖြစ်ကြသည်။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို မတရားကျူးကျော်သိမ်းပိုက်ပြီးနောက် တိုင်းရင်းသားပြည်သူများအကြား နှစ်ပေါင်းကြာရှည်စွာ ဖြစ်ထွန်းတည်ရှိခဲ့သည့် စည်းလုံးညီညွတ်မှုများ ပျက်ပြားစေရန် နည်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြသည်။ စည်းလုံးညီညွတ်စွာ နေထိုင်ကြမည်ဆိုသည့် တိုင်းရင်းသားလူမျိုးများ၏ ပြည်ထောင်စုစိတ်ဓာတ်ကို ပျက်ယွင်းစေရန် နယ်ချဲ့တို့က အစီအစဉ်ရှိရှိ သွေးခွဲအုပ်ချုပ်ခဲ့ကြပြီး ကျွန်သက်ရှည်အောင် လုပ်ဆောင်ခဲ့သည်။

သို့ရာတွင် အမြော်အမြင်ကြီးမားသော၊ မျိုးချစ်စိတ်ဓာတ် ထက်သန်သော တိုင်းရင်းသားခေါင်းဆောင်များ၏ စွမ်းဆောင်မှုဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြန်လည်တည်ဆောက်နိုင်ကာ လွတ်လပ်ရေးကို ရယူနိုင်ခဲ့သည်။

ကိုလိုနီနယ်ချဲ့တို့၏ နှစ်ပေါင်းတစ်ရာကျော် အစီအစဉ်ရှိရှိ သွေးခွဲသပ်လျှိုအုပ်ချုပ်ခဲ့မှု၏ ဒဏ်ရာဒဏ်ချက်များသည် လွတ်လပ်ရေးရရှိပြီးသည့်တိုင်အောင် တိုင်းရင်းသား ညီအစ်ကိုသွေးချင်းများအကြား သံသယစိတ်များဝင်ကာ စိတ်ဝမ်းကွဲပြားခဲ့ကြရသည်။ ယင်းကြောင့် နှစ်ပေါင်း ၄၀ကျော်ကြာအောင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့သည့် သမိုင်းသင်ခန်းစာများကို ရယူကြရန် ဖြစ်သည်။

ဤသို့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရသည့် သမိုင်းကွေ့ကို ပြန်လည်ပေးဆပ်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို အမျိုးသားစည်းလုံးညီညွတ်မှု အုတ်မြစ်ဖြင့် အခိုင်အမာတည်ဆောက်ကြရမည် ဖြစ်သည်။

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၅ ရက်နေ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပရာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ဆွေးနွေးမှာကြားရာ၌–

"မိမိတို့နိုင်ငံ့တာဝန် ယူခဲ့ရသည့်အချိန်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မြဲမြဲတည်ဆောက်နိုင်မှသာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည် ဆိုသည့်ခံယူချက်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရရှိဖြစ်ထွန်းစေရေးအတွက် မိမိတို့တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်နားလည်စာနာမှု၊ အပြန်အလှန်သည်းခံ ခွင့်လွှတ်မှုတို့ကို အခြေခံ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့ကြောင်း" ပြောကြားသွားသည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ တစ်နံတစ်လျား၌ ငြိမ်းချမ်းရေး၏ အရသာကို တိုင်းရင်းသားပြည်သူများ ပြည့်ပြည့်ဝဝခံစားနေကြရပြီဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူအားလုံး၏ စုပေါင်းစွမ်းအားဖြင့် အကောင်အထည်ဖော်လျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပြည်သူအားလုံး ခံစားစံစားနေကြရပြီ ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးအတွက် လမ်းများ၊ တံတားများ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်စွမ်းအား၊ ဆက်သွယ်ရေးစသည့် ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများကို နယ်စပ်ဒေသများပါမကျန်စီမံကိန်းများ ရေးဆွဲချမှတ်ပြီး စနစ်တကျဆောင်ရွက်ပေးလျက် ရှိသည်။

ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုတိုးပွား ဖြစ်ထွန်းခိုင်မာလျက်ရှိသည်ကို အထင်အရှား တွေ့မြင်နေရပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ရရှိပြီးဖြစ်သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုရင့်သန် ခိုင်မာသည်ထက်ခိုင်မာစေရန် တိုင်းရင်းသားပြည်သူအားလုံးက ဆက်လက်ထိန်းသိမ်း စောင့်ရှောက်မြှင့်တင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လုပ်ငန်းများ အဂတိတရားကင်းရှင်းစွာဆောင်ရွက် ဥပဒေများသိရှိနားလည်အောင် စဉ်ဆက်မပြတ်လေ့လာ

ရန်ကုန် ဇန်နဝါရီ ၆

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့သို့ သွားရောက်၍ တိုင်း၊ ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများနှင့် တွေ့ဆုံပြီး ဥပဒေအရာရှိများအနေဖြင့် မိမိတို့၏ လုပ်ငန်းများကို အဂတိတရားကင်းရှင်းစွာဖြင့် တိကျမှန်ကန်စွာ ဆောင်ရွက်ရေး၊ ဥပဒေများကိုသိရှိနားလည်အောင် စဉ်ဆက်မပြတ်လေ့လာရေး၊ ဥပဒေ၊ နည်းဥပဒေများအတိုင်း အမှုများကို တိကျစွာလိုက်ပါဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဒုတိယရှေ့နေချုပ်သည် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥပဒေရုံးနှင့် ခရိုင်၊ မြို့နယ်ဥပဒေရုံးများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ၄ရက်က ကျောက်တံတားမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမောင်းက ဖတ်ကြားစဉ်။ (က-ပ)

နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရေး ပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကန္နားအလယ်ရပ်ကွက် ရတနာကံကြီး ပရိယတ္တိစာသင်တိုက်နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် ကျောင်းပန္နက်တင် မင်္ဂလာအခမ်းအနားနှင့် ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ရက် နံနက် ၈နာရီက အဆိုပါကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် နှစ်ထပ်ကျောင်းဆောင်သစ်ကြီး အတွက် အလှူငွေများနှင့် ဆောက်လုပ်ရေးပစ္စည်းများကိုလှူဒါန်းခဲ့ကြပြီး နှစ်ထပ်ကျောင်းဆောင်သစ်ကြီး မြန်ဆန်စွာ ပြီးမြောက်ရေးအတွက် လှူဒါန်းလိုသူများသည် ရတနာကံကြီး ပရိယတ္တိစာသင်တိုက်နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ကျောင်းပဓာန နာယကဆရာတော် ဘဒ္ဒန္တဇနပတိ (ဓမ္မာစရိယ)ဖုန်း–၆၄၂၈၅၁၊ ၆၄၂၅၄၃၊ လိုင်းခွဲ–၁၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရှင်သာမဏေ ဓမ္မဗိမာန်တွင် တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၆

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ–အုံကြီး)နှင့် အဖွဲ့က ရွှေတိဂုံဘုရား အရှေ့ဘက်စောင်းတန်းအနီး အာဇာနည်လမ်းရှိ ရှင်သာမဏေဓမ္မဗိမာန်တွင် ဇန်နဝါရီ ၈ ရက်မှ ၁၄ရက်အထိ ညနေ ၅နာရီမှ ၆နာရီခွဲအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

စိန့်မေရီဒိုင်အို ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၆

စိန့်မေရီဒိုင်အို ကျောင်းသူဟောင်းများ၏ (၃၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၈ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Holytrinity Church ဘုရားရှိခိုးကျောင်း၌ကျင်းပမည်ဖြစ်ရာ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၇-၁-၂၀၀၅
(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၄၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ထပ်ဆင့်ကြိယာများ (Derivative Verbs) (အရှေ့တိုင်းပညာအထူးပြု)
- ၅:၃၀ ၉။ ပညာခေတ်
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း
- ၆:၅၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက်ချစ်တယ်"**(အပိုင်း–၃၂)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြန်မာ့ရှုခင်း
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"** (အပိုင်း–၁၀)

● **ရှေ့ဖုံးမှ**

မော်လဒိုက်သမ္မတနိုင်ငံ

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ မော်လဒိုက်သမ္မတနိုင်ငံ သမ္မတ မာမွန်းအဗ္ဗဒူလ်ဂါယွန်းထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာအစိုးရနှင့် ပြည်သူများထံသို့ မိမိ၏ အစိုးရအဖွဲ့နှင့် မော်လဒိုက်ပြည်သူများ ကိုယ်စားလည်းကောင်း၊ မိမိကိုယ်တိုင် လည်းကောင်း ဝမ်းမြောက်စွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ အဆွေတော် ကျန်းမာရွှင်လန်းပြီး မြန်မာပြည်သူများ ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ပြင်သစ်သမ္မတနိုင်ငံ

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပြင်သစ်သမ္မတနိုင်ငံ သမ္မတဂျက်ရှီးရပ်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ မိမိလှိုက်လှဲနွေးထွေးစွာ ဆုမွန်ကောင်းများ ပို့သပါကြောင်း ဖော်ပြပါရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

အထက(၃)သာကေတ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

သာကေတမြို့နယ် အထက(၃) ကျောင်းသားကျောင်းသူဟောင်းများက ဖေဖော်ဝါရီ၁၃ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အထက(၃)ကျောင်း သီရိရတနာခန်းမကြီး၌ ခြောက်ကြိမ်မြောက်အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာ ဆရာမကြီးများအတွက် ငွေနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ဒေါ်ခင်အေးကြူ ဖုန်း-၅၅၈၁၄၅နှင့် ဦးတင့်မြင့် ဖုန်း-၂၄၅၆၂၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လွတ်လပ်ရေးနေ့ပြပွဲ စတုတ္ထနေ့ပြသ ပြည်သူများ စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာ

ရန်ကုန် ဇန်နဝါရီ ၆

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲ ခင်းကျင်းပြသရေး ဆပ်ကော်မတီတို့က ကြီးမှူးပြသသည့် ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို စတုတ္ထနေ့အဖြစ် ယနေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန် မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ဖွင့်လှစ်ပြသလျက်ရှိသည်။

ကြည့်ရှုလေ့လာ

စတုတ္ထနေ့ပြပွဲသို့ လူမှုရေးအသင်းအဖွဲ့များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရဟန်းရှင်လူပြည်သူ ၃၉၄၉ ဦးတို့ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ပြပွဲတွင် မျက်မှောက်ခေတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ပြသည့် ဝန်ကြီးဌာန ပြခန်းများဖြစ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနပြခန်း၊ စွမ်းအင်ဝန်ကြီးဌာနပြခန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနပြခန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနပြခန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြခန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြခန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ ပညာရေးဝန်ကြီးဌာနပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာနပြခန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနပြခန်း၊ ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နိုင်ငံသစ်ဆီ တို့ဦးတည် တက်ညီလက်ညီချီတက်မည် ပြခန်းမှ အေးချမ်းသာယာ၍ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ပြကွက်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြည်သူများသို့ ဆောင်ရွက်ပေးလျက်ရှိသည့် ဝန်ဆောင်မှုများဆိုင်ရာ ပြကွက်များကို ခင်းကျင်းပြသထားသည်။

ဝယ်ယူအားပေး

ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ပုဂ္ဂလိကစာအုပ်ဆိုင်များတွင် စာအုပ်၊ စာတမ်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ပြပွဲလာပြည်သူများ ဝယ်ယူအားပေးကြသည်။

ယနေ့ပြပွဲတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ Computer Quiz အစီအစဉ်နှင့် Soft Guide Computer Co,၏ Teaching Contest with Audio Language Labပြိုင်ပွဲတို့၌ မြို့နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းမှ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအပြီးတွင် ဆုရရှိသည့် လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းကို ကြည့်မြင်တိုင်မြို့နယ် ပညာရေးမှူး ဦးဖေမန်းက ဆုများချီးမြှင့်သည်။

အခမဲ့ကြည့်ရှုလေ့လာနိုင်

အဆိုပါပြပွဲကို ဇန်နဝါရီ ၁၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ **(သတင်းစဉ်)**

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၆

အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္ဘာ့ဌာန်းဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၂၃)ကြိမ်မြောက် အနာဂါမ် ဆရာသက်ကြီး ဝိပဿနာခုနစ်ရက် တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ ဇန်နဝါရီ၉ရက် ညနေ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသောယောဂီများသည် ဖုန်း-၂၅၄၉၀၆၊ ၀၅၆-၂၁၄၃၂ တို့သို့ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့်နေ့ ညနေ၃နာရီ ထက်နောက်မကျစေဘဲ မိမိတို့၏ အမျိုးသား မှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့်အခမဲ့ ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

ကျိုက္ခမီအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ကျိုက္ခမီအသင်း(ရန်ကုန်)၏ ၁၃ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၆ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီခွဲတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ကျိုက္ခမီကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်မိသားစုများက အသက်(၇၅)နှစ်ပြည့်သူများနှင့် ၂၀၀၄ ခုနှစ်တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများ၏ အမည်စာရင်းကို နာယက ဦးအောင်ထွန်း ဖုန်း-၂၅၃၄၄၀၊ ဥက္ကဋ္ဌ ဦးအောင်ထွန်း ဖုန်း-၀၉-၈၀၃၁၂၈၆ နှင့် အတွင်းရေးမှူး ဦးမြသောင်း ဖုန်း-၇၀၀၂၃၃ တို့သို့ ဇန်နဝါရီ၁၀ရက်နောက်ဆုံးထားပေးပို့ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(၃၂၀)**

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အမိန့်ဩဝါဒ

"လွတ်လပ်ရေးထက် တန်ဖိုးအနဂ္ဃထိုက်တန်ကြီးမြင့်သော အရာသည် မရှိ၊ ကမ္ဘာတည်သရွေ့ မြန်မာ့လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးအတွက် မျိုးချစ်စိတ်ထက်သန်သည့် မိမိတို့ တိုင်းရင်းသားအားလုံးက ပြည်ထောင်စု စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြပါစို့"

လှိုင်သာယာမြို့နယ် ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ် ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ဖတ်ကြားစဉ်။ (၁၈၀)

တာမွေမြို့နယ် မြန်မာပြည်သား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစုလီမိတက်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများအား ဝတ်စုံနှင့် ကံစမ်းမဲများချီးမြှင့်ခြင်းကို ဇန်နဝါရီ ၄ရက်က ရုံး၌ကျင်းပရာ အသင်းစု ဥက္ကဋ္ဌ ဦးမြင့်နိုင်က ဝန်ထမ်းများကိုယ်စား အသင်းစုအုပ်ချုပ်မှု ဒါရိုက်တာဒေါ်မြသိန်းသို့ ဝတ်စုံများပေးအပ်စဉ်။ (၁၁၅)

လွတ်လပ်ရေးနေ့ အဓိဋ္ဌာန်

★ နှစ်ငါးဆယ် ခုနစ်နှစ်စွန်းပြီကွယ့်
ရည်ညွှန်းကာ ကဗျာသီရေးလိုက်ပါရဲ့
မြန်မာပြည်အရေး အနာဂတ်လမ်းကိုတော့
ဖြောင့်တန်းစွာသွားကြပါစို့
အများပြည်သူရဲ့
တူညီတဲ့ တောင်းဆိုသံ။

★ မူဝါဒလမ်းစဉ်ခုနစ်ရပ်နဲ့
မွန်မြတ်တဲ့အမျိုးသားရေးပါပဲ
နိုးကြားတဲ့အတွေးအခေါ်က
အရေးတော်ပုံ အခါကြုံပြန်ပေါ့
ကမ္ဘာတုန်အောင်ဆင်နွှဲကြပါစို့
အစဉ်အမြဲညီညွတ်တဲ့ တိုင်းရင်းသားတွေရဲ့
ရိုင်းပင်းတဲ့အားမာန်။

★ ပြန်တွေးကြည့်လျှင်တော့
ယမန်ရှေးယခင် ပုဂံ-တောင်ငူ-
ကုန်းဘောင်ခေတ်တွေက
ထုံးနှောင်ရစ်တဲ့ ညီညွတ်ရေးအခိုင်အမာနဲ့
နိုင်ငံတကာနဲ့ တန်းတူအမှန်
အားမာန်တွေကဝင့်ဝင့်ကြွား။

★ မြင့်မားစွာအောင်လံထူကြပါစို့
တူမျှတဲ့အခွင့်အလမ်း ကိုယ်စီရှိစေမယ့်
အမိမြေအေးချမ်းစွာ တစ်ခေတ်ရောက်စေဖို့
မဖောက်ပြန် လမ်းမှန် မသွေဖည်ဘဲ
ဒီမိုကရေစီ စည်းကမ်းအပြည့်အဝနဲ့
(ကျုပ်တို့ကတော့) နည်းလမ်းတကျခံစား။ ။

ကေတုနီလာ

တရုတ်တစ်နိုင်ငံမူဝါဒ ဆီးရီးယားထောက်ခံ တရုတ်နိုင်ငံ၏အောင်မြင်မှုများဆီးရီးယားလေ့လာမှတ်သားလို

ဒမတ်စကတ် ဇန်နဝါရီ ၅

တရုတ်တစ်နိုင်ငံ မူဝါဒကို ဆီးရီးယားက ထောက်ခံကြောင်း ဆီးရီးယားဝန်ကြီးချုပ် မဟမ်မက်နာဂျီအော့တရီက တနင်္ဂနွေနေ့၌ ထပ်မံအခိုင်အမာ ပြောကြားလိုက်သည်။ ထို့အပြင် တရုတ်နိုင်ငံနှင့် ဆက်ဆံမှုဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးကြောင်း၊ ဆီးရီးယားနိုင်ငံက သဘောပေါက်ကြောင်းလည်း ဆီးရီးယားနိုင်ငံ၌အလည်အပတ်ရောက်ရှိနေသော တရုတ်လက်ထောက် နိုင်ငံခြားရေးဝန်ကြီးလူဂူကျန်နှင့် ဆွေးနွေးစဉ် အော့တရီက ပြောကြားသည်။

အဆင့်သစ်သို့တက်လှမ်း

ပြီးခဲ့သည့် ဇွန်လ၌ပေကျင်းသို့ ဆီးရီးယားသမ္မတဘာရှာအယ်လ်အာဆတ် အလည်အပတ်သွားရောက်ခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးသည် အဆင့်သစ်သို့ တက်လှမ်းလိုက်ကြောင်းလည်း အော့တရီက ဆက်လက်ပြောကြားခဲ့သည်။

လေ့လာမှတ်သားလို

တရုတ်နိုင်ငံသည် ပြုပြင်ပြောင်းလဲမှုနှင့် တံခါးဖွင့်လမ်းစဉ်အတွင်း အောင်မြင်မှုများ ကြီးမားစွာရရှိခဲ့ကြောင်း၊ နယ်ပယ်ကဏ္ဍအမျိုးမျိုးတွင် တရုတ်နိုင်ငံ၏ အောင်မြင်မှုရသော အတွေ့အကြုံများကို ဆီးရီးယားနိုင်ငံက လေ့လာမှတ်သားရန် မျှော်လင့်ထားကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ဆက်ဆံရေးတိုးတက်

နှစ်နိုင်ငံ ဆက်ဆံရေးသည် ချောမွေ့ညက်ညောစွာ တိုးတက်ခဲ့ကြောင်း၊ အထူးသဖြင့် နိုင်ငံရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသည် ၁၉၅၆ခုနှစ်တွင် သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ချိန်မှစပြီး တိုးတက်ခဲ့ကြောင်း မစ္စတာလူက ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။ မစ္စတာလူသည် ဆီးရီးယားနိုင်ငံတွင် နှစ်ရက်ကြာ တရားဝင်လည်ပတ်ရန်အတွက် ဒမတ်စကတ်သို့ စနေနေ့က ရောက်ရှိလာခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မလေးရှားနိုင်ငံ၏ ပြည်ပပို့ကုန် တိုးတက်

ကွာလာလမ်ပူ ဇန်နဝါရီ ၄

မလေးရှားနိုင်ငံ၏ ကုန်သွယ် ရေးတိုးတက်မှုသည် ၂၀၀၄ခုနှစ် နိုဝင်ဘာလက အမြင့်မားဆုံးဖြစ်ခဲ့ရာ ၂၀၀၃ခုနှစ် အလားတူကာလကထက် ၁၆ဒသမ ၉ရာခိုင်နှုန်းကျော် တိုးမြင့်ခဲ့ကြောင်း မလေးရှားနိုင်ငံ၏ နိုင်ငံတကာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက တနင်္လာနေ့တွင် ကြေညာသည်။

မလေးရှားနိုင်ငံ၏ ပြည်ပတင်ပို့မှုသည် ၂၀၀၄ခုနှစ် နိုဝင်ဘာလက အမေရိကန်ဒေါ်လာ ၂၀ဒသမ ၂၂ဘီလီယံရှိခဲ့ရာ ၂၀၀၃ခုနှစ် လစဉ် တိုးတက်မှု ကိန်းဂဏန်းများထက် ပိုမိုမြင့်မားခဲ့ကြောင်း ကွာလာလမ်ပူမြို့၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ အဆိုပါဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တိုးတက်

၂၀၀၄ခုနှစ် နိုဝင်ဘာလတွင် မလေးရှားနိုင်ငံသို့ ပြည်ပမှတင်သွင်းမှု အမေရိကန်ဒေါ်လာ ၈ဒသမ ၆၅ ဘီလီယံအထိရှိခဲ့ရာ ၂၀၀၃ခုနှစ် နိုဝင်ဘာလကထက် ၂၃ဒသမ၅ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ၎င်းဝန်ကြီးဌာနက ထပ်မံပြောကြားသည်။

အမြတ်ရ

မလေးရှားနိုင်ငံအနေဖြင့် ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် ကုန်သွယ်မှုမှ အမြတ်ငွေ အမေရိကန်ဒေါ်လာ ၁ဒသမ၅၇ဘီလီယံ ရရှိခဲ့ရာ ယင်းသည် လွန်ခဲ့သော ၁၉၉၇ခုနှစ် နိုဝင်ဘာလမှစတင်ကာ ကုန်သွယ်မှုအမြတ်ငွေရရှိခဲ့သော (၈၅)ကြိမ် ဆက်တိုက်အမြတ်ငွေ ရရှိခဲ့သည့်လဖြစ်ခဲ့သည်။

ကျော်လွန်

၂၀၀၄ခုနှစ် ပထမ ၁၁လ အတွက် ပြည်ပပို့ကုန်မှ အမေရိကန်ဒေါ်လာ ၁၁၅ ဒသမ ၀၁ ဘီလီယံ ရရှိခဲ့ရာ ယင်းပမာဏမှာ ၂၀၀၃ ခုနှစ် တစ်နှစ်လုံးရရှိခဲ့သည့် ပြည်ပပို့ကုန်မှ အမေရိကန်ဒေါ်လာ ၁၀၄ ဒသမ ၉၆ ဘီလီယံထက်ကျော်လွန်ခဲ့ကြောင်းလည်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

၂၀၀၄ ခုနှစ်၌ တရုတ်သံမဏိကုမ္ပဏီ တန် ၂၁ သန်းကျော်ထုတ်လုပ်

ရှန်ဟိုင်း ဇန်နဝါရီ ၅

ရှန်ဟိုင်းအခြေစိုက် ဘာအိုစတီးလ်ကုမ္ပဏီလီမိတက်၏ ထုတ်လုပ်မှုပမာဏသည် ၂၀၀၄ခုနှစ်တွင် တန် ၂၁ဒသမ ၃၈သန်းရှိရာ နှစ်စဉ် သံမဏိတန်သန်း ၂၀ကျော် ထုတ်လုပ်သည့် တရုတ်ပြည်၏ ပထမဆုံး သံမဏိကုမ္ပဏီဖြစ်သည်ဟု အဆိုပါကုမ္ပဏီက ကြေညာသည်။

၂၀၀၄ ခုနှစ်အတွက် ဘာအိုစတီးလ်၏ စုစုပေါင်း ရောင်းချရမှုသည် ယွမ် ၁၆၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၃ ဘီလီယံခန့်) ရှိသည်။ ကမ္ဘာ့သံမဏိ ကုမ္ပဏီများသည် မကြာမီနှစ်များအတွင်း ဈေးကွက်စွန့်စားမှုကို ခံနိုင်ရန်နှင့် အမြတ်အစွန်းတိုးတက်ရရှိရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ခဲ့ကြကြောင်း အမည်မဖော်လိုသူ ဘာအိုစတီးလ်၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရုရှား-အိန္ဒိယနိုင်ငံတို့၏ ဆက်ဆံရေး ထူးခြားသည့် အသွင်ပြင် ဖော်ဆောင်ခဲ့

မော်စကို ဇန်နဝါရီ ၅

ရုရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ပြီးခဲ့သည့်နှစ်က ဆက်ဆံရေးသည် ထူးခြားသည့် သွင်ပြင်လက္ခဏာကို ဖော်ဆောင်ခဲ့ကြောင်း၊ ၂၀၀၅ခုနှစ်တွင်လည်း ထိုအတိုင်း ဆက်လက်ထူးခြားမှုရှိမည်ဖြစ်ကြောင်း ရုရှားနိုင်ငံက စနေနေ့၌ ပြောကြားလိုက်သည်။

ပြီးခဲ့သည့်နှစ်က အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ဆွေးနွေးမှုမှ ပေါ်ထွက်လာသော အကျိုးရလဒ်သည် ထူးခြားသည့်သွင်ပြင်လက္ခဏာ ဖော်ဆောင်မှု ဖြစ်နိုင်မည်ဖြစ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အလက်စန္ဒာ အလက်ဇ်ဇီယဲ့ဗ်က ပြောကြားသည်။

မှတ်ယူနိုင်

ထို့အပြင် တရုတ်နှင့် ရုရှားနိုင်ငံတို့၏ ပြီးခဲ့သည့်နှစ်က ဆက်ဆံမှုသည် ထူးခြားသည့်သွင်ပြင်လက္ခဏာကို ဖော်ဆောင်နိုင်ခဲ့ပြီး ယင်းသည်မော်စကိုနှင့် နယူးဒေလီ၊ မော်စကိုနှင့် ပေကျင်းကြား အဆင့်အမြင့်ဆုံး ဆက်သွယ်မှုများအဖြစ် မှတ်ယူနိုင်မည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

အဆိုပါ ရုရှား-အိန္ဒိယဆက်ဆံရေး ဆက်သွယ်မှုများ၏ ရလဒ်အဖြစ် နှစ်နိုင်ငံ ပူးပေါင်းဆက်သွယ်ရေးလမ်းကြောင်းအများအပြားတွင် ထူးခြားသော တိုးတက်မှုများ ရရှိကြောင်း ၎င်းက ပြောကြားသည်။ ယင်းတိုးတက်မှုသည် ၂၀၀၅ခုနှစ်သစ်တွင် ဆက်လက်၍ တိုးတက်ဖြစ်ထွန်းသွားမည်ဟု မိမိတို့မျှော်လင့်ကြောင်း အလက်ဇ်ဇီယဲ့ဗ်က ပြောကြားသည်ဟု အီတာတာ့စ်သတင်းဌာနက ကိုးကားဖော်ပြသည်။ ဒုတိယကမ္ဘာစစ်တွင် နာဇီဂျာမနီကို အောင်ပွဲခံသည့် နှစ်၆၀မြောက်နှစ်ပတ်လည် အခမ်းအနားသို့ အိန္ဒိယနှင့် တရုတ်ခေါင်းဆောင်များ တက်ရောက်ရန် မော်စကိုသို့ လာရောက်ကြသည့်အခါ အဆင့်အမြင့်ဆုံး နိုင်ငံရေးဆက်သွယ်မှုများသည် ဆက်လက်ရှိမည် ဖြစ်သည်ဟုဆိုသည်။ **အမ်အင်အေ၊ ပီတီအိုင်**

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တော် အရှေ့ဘက်တွင်ရှိသော ဟိုင်ဖုန်ဆိပ်ကမ်း၌ သင်္ဘောတစ်စင်းပေါ်သို့ ဆန်အိတ်များတင်ဆောင်နေသည်ကို ဇန်နဝါရီ ၅ရက်က တွေ့ရစဉ်။ (ဗီယက်နမ်သည် ပြည်ပသို့ ဆန်တင်ပို့မှု၌ ကမ္ဘာတွင် ဒုတိယအကြီးမားဆုံးနိုင်ငံ ဖြစ်လာသည်။) **(ဓာတ်ပုံ-အင်တာနက်)**

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ရုပ်မြင်သံကြားရောင်းချနေသည့် ဆိုင်တစ်ဆိုင်ကို ဇန်နဝါရီ ၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျပန်၊ အာဂျင်တီးနား၊ ဒိန်းမတ်၊ ဂရိနှင့် တန်ဇန်းနီးယား အမြဲတမ်းမဟုတ်သော ကုလလုံခြုံရေးကောင်စီဝင်များဖြစ်လာ

ကုလသမဂ္ဂ ဇန်နဝါရီ ၅

ဂျပန်နှင့် ဒိန်းမတ်နိုင်ငံတို့ အပါအဝင်ငါးနိုင်ငံသည် နှစ်နှစ်သက်တမ်းအတွက်အမြဲတမ်းမဟုတ်သော ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများအဖြစ် အဖွဲ့ဝင်၁၅နိုင်ငံရှိသော ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် စနေနေ့က ပူးပေါင်းလိုက်ကြသည်။ အဆိုပါ ငါးနိုင်ငံသည် ပါကစ္စတန်နှင့် အခြားလေးနိုင်ငံနေရာတွင် အစားထိုးဝင်ရောက်ကာ လုံခြုံရေးကောင်စီနှင့် ပူးပေါင်းခဲ့ကြခြင်း ဖြစ်သည်။

အစားထိုး

ဂျပန်၊ အာဂျင်တီးနား၊ ဒိန်းမတ်၊ဂရိနှင့် တန်ဇန်းနီးယားနိုင်ငံတို့သည် ပါကစ္စတန်၊ အင်ဂိုလာ၊ချီလီ၊ ဂျာမနီနှင့် စပိန်တို့နေရာတွင် အစားထိုးဝင်ရောက်ခဲ့ကြခြင်းဖြစ်ပြီး ပါကစ္စတန်၊ အင်ဂိုလာ၊ ချီလီ၊ ဂျာမနီနှင့် စပိန်နိုင်ငံတို့မှာ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၃၁ရက်၌ ၎င်းတို့၏ နှစ်နှစ်သက်တမ်းကုန်ဆုံးခဲ့ကြသည်။

အမြဲတမ်းအဖွဲ့ဝင်

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံရှိရာ ၎င်းတို့မှာ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ရုရှား၊ပြင်သစ်နှင့် တရုတ်တို့ဖြစ်ကြပြီး အမြဲတမ်းမဟုတ်သော အဖွဲ့ဝင် ၁၀ နိုင်ငံရှိသည်။ ထိုအမြဲတမ်းမဟုတ်သော ၁၀ နိုင်ငံအနက် ငါးနိုင်ငံမှာ နှစ်စဉ်သက်တမ်းကုန်ဆုံးသည့် ကုလသမဂ္ဂ အထွေထွေညီလာခံက အမြဲတမ်းအဖွဲ့ဝင် မဟုတ်သည့်အဖွဲ့ဝင် နိုင်ငံများကို ဒေသဆိုင်ရာ အခြေခံပေါ်ကြည့်ပြီး ရွေးချယ်ခြင်းဖြစ်သည်။

သက်တမ်းကုန်

၂၀၀၄ခုနှစ် ဇန်နဝါရီ ၁ ရက်၌ အမြဲတမ်းမဟုတ်သော လုံခြုံရေးကောင်စီ ဝင်ဖြစ်လာခဲ့ကြသည့် အယ်လ်ဂျီးရီးယား၊ ဘီနင်၊ ဘရာဇီး၊ ဖိလစ်ပိုင်နှင့် ရိုမေးနီးယားနိုင်ငံတို့သည် ယခု၂၀၀၅ခုနှစ် ဒီဇင်ဘာ ၃၁ရက်၌ ၎င်းတို့၏ သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ **အမ်အင်အေ၊ ပီတီအိုင်**

ဂျာမနီအား ကုလသမဂ္ဂလုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်အဖြစ် ရုရှားနိုင်ငံကထောက်ခံရန် အသင့်ရှိနေကြောင်းပြောကြား

မော်စကို ဇန်နဝါရီ ၅

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ရရှိရေးအတွက် ဂျာမနီနိုင်ငံအား ရုရှားနိုင်ငံက ထောက်ခံပေးရန် အဆင်သင့်ဖြစ်နေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာရိုင်လာဗ်ရော့ဗ်က ပြောကြားကြောင်း အင်တာဖက်စ်သတင်းဌာနက တနင်္လာနေ့တွင် သတင်းထုတ်ပြန်သည်။

ဂျာမနီနိုင်ငံ၏သတင်းစာဟမ်ဒယ်စ်ဘလက်တ်လာရော့ဗ်နှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် မိမိတို့ အနေဖြင့် ဂျာမနီနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေး ကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံအဖြစ် ထောက်ခံရန် အသင့်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထောက်ခံ

ထို့အတူ အိန္ဒိယ၊ဘရာဇီးနှင့်ဂျပန်နိုင်ငံတို့ကိုလည်း ကုလသမဂ္ဂလုံခြုံရေး ကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများအဖြစ် တက်ကြွစွာထောက်ခံအားပေးမည် ဖြစ်ကြောင်းသိရသည်။

တိုးချဲ့

ယင်းမှာကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် အမြဲတမ်း အဖွဲ့ဝင်နိုင်ငံအရေအတွက်ကို တိုးချဲ့ မည်ဟု ဆုံးဖြတ်ချက်ချခဲ့လျှင် ဖြစ်ကြောင်းဟုလည်း ဆာရိုင်လာဗ်ရော့ဗ် က ပြောကြားသည်။

ထို့အပြင်အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးလမ်းပြမြေပုံနှင့် ပတ်သက်၍ သုံးသပ်ပြောကြားရာတွင် ယင်းအရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးလမ်းပြမြေပုံ ပြီးပြည့်စုံခြင်းမရှိကြောင်း၊ ယင်းမှာ အရှေ့အလယ်ပိုင်း ဒေသပေါင်းစည်း ညီညွတ်ရေးကို ကူညီနိုင်မှုနှင့် စံပြတစ်ရပ်လည်း မဖြစ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာလှည့်ခရီးသွားသူ ဦးရေရှစ်သိန်းကျော် ယခုနှစ်၌ ဇမ်ဘီယာသို့လာရောက်မည်မျှော်လင့်

လူဆာကာ ဇန်နဝါရီ ၅

ယခုနှစ်၌ ဇမ်ဘီယာခရီးသွားလာရေး လှုံ့ဆော်မှု အစီအစဉ်စတင်ခဲ့ပြီးနောက် ဇမ်ဘီယာနိုင်ငံသို့ လာရောက်လည်ပတ်မည့် ကမ္ဘာလှည့်ခရီးသွားသူအရေအတွက်သည် ယခုနှစ်တွင် ၈၀၀၀၀၀ ကျော်အထိ နှစ်ဆဖြစ်လာဖွယ်ရှိကြောင်း ဇမ်ဘီယာတိုင်းမ်သတင်းစာက တနင်္လာနေ့၌ ရေးသားလိုက်သည်။

၂၀၀၃ခုနှစ်အတွင်း၌ ဇမ်ဘီယာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည့် ကမ္ဘာလှည့်ခရီးသွားသူ အရေအတွက် စုစုပေါင်း ၄၁၂၀၀၀ရှိခဲ့ပြီး ၂၀၀၅ ခုနှစ်၌ နှစ်ဆရှိလာမည်ဟု ခန့်မှန်းကြောင်း ဇမ်ဘီယာခရီးသွားလာရေးဘုတ်အဖွဲ့က ပြောကြားသည်ဟု သတင်းစာက ကိုးကားဖော်ပြသည်။

ပြောကြား

ကမ္ဘာလှည့် ခရီးသွားများအား ဆွဲဆောင်မှုများအားလုံးကို အဆင့်တိုးမြှင့် ခြင်းဖြင့် ဇမ်ဘီယာနိုင်ငံအား ကမ္ဘာတစ်ဝန်းမှ ကမ္ဘာလှည့်ခရီးသွားလာသူများလာရောက်ရာ ထိပ်ဆုံးနိုင်ငံအဖြစ်လည်း ထင်ရှားကျော်ကြားစေလိုကြောင်းဘုတ်အဖွဲ့ဈေးကွက် မန်နေဂျာချီကာဖီရီကပြောကြားသည်။

ဖော်ထုတ်

ဇမ်ဘီယာ နိုင်ငံသည် ယင်း၏ သဘာဝအမွေအနှစ်များ၊ ဗစ်တိုးရီးယား ရေတံခွန်အပြင် အခြားကမ္ဘာလှည့် ခရီးသွားဒေသများကို ပြန်လည်ဖော်ထုတ်လိုကြောင်း ခရီးသွားလာရေးဘုတ်အဖွဲ့ဈေးကွက် မန်နေဂျာ ဖီရီက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ စီးပွားရေးလုပ်ငန်းခွင်တစ်ခု၌ နှစ်သစ်ကူးကာလအထိမ်းအမှတ်အဖြစ် ဂျပန်ရိုးရာ ကီမိုနိုဝတ်စုံများ ဝတ်ဆင်၍ လုပ်ငန်းခွင်ဝင်နေကြသော ဂျပန်အမျိုးသမီး ဝန်ထမ်းများကို ဇန်နဝါရီ ၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရေနံဈေးနှုန်း ကျဆင်းမှုကြောင့် အိုပက်အဖွဲ့ရေနံလျှော့ထုတ်မည်

ဗီယင်နာ ဇန်နဝါရီ ၅

ရေနံရောင်းချသောနိုင်ငံများအဖွဲ့ (အိုပက်)၏ရေနံဈေးနှုန်းသည် ပြီးခဲ့သည့် သီတင်းပတ်က ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၇၂အထိ ရောက်ရှိခဲ့ရာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၂ဒသမ၀၄ ကျဆင်းခဲ့ကြောင်း အိုပက်အဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

ကျဆင်း

အိုပက်အဖွဲ့၏ ရေနံဈေးနှုန်းသည် ပြီးခဲ့သည့် သီတင်းပတ်အင်္ဂါနေ့က ရေနံတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၃၄ဒသမ ၈၁အထိ ကျဆင်းခဲ့ရာမှ ပြီးခဲ့သည့်သောကြာနေ့က ရေနံတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၃၆ဒသမ ၄၃ဒေါ်လာသို့ မြင့်တက်ခဲ့ကြောင်း သိရသည်။

ဆုံးဖြတ်

အိုပက်အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးအဆင့်ဆွေးနွေးပွဲကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၁၀ရက်က ကျင်းပရာ ယင်းအစည်းအဝေး၌ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁ရက်မှစတင်ကာ နေ့စဉ်ရေနံစည် တစ်သန်းထုတ်လုပ်မှုကိုဖြတ်တောက်ရန် အိုပက်က ဆုံးဖြတ်ခဲ့ကြောင်းလည်း သိရသည်။

ထို့အပြင် ဇန်နဝါရီ ၃၀ရက်တွင်ကျင်းပမည့် အိုပက်အဖွဲ့အစည်းအဝေး၌ ကမ္ဘာ့စီးပွားရေးသည် ၂၀၀၅ခုနှစ်တွင် တိုးတက်မှုနှေးကွေးမည့်အနေအထားရှိရာ အိုပက်အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် အနာဂတ်ကာလ၌ ရေနံ ထုတ်လုပ်မှုလျှော့ချရန်လည်း ဦးစားပေးဆွေးနွေးကြမည်ဖြစ်ကြောင်း အိုပက်ကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အစိမ်းရောင်နယ်မြေရှိ စစ်ဆေးရေးစခန်းတစ်ခုအနီး ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စွန့်ပစ်ခရမ်းချဉ်သီးများကိုပလတ်စတစ်အိတ်များအဖြစ် ထုတ်လုပ်နိုင်သည့်နည်းလမ်း အီတလီသုတေသီများ တွေ့ရှိထား

ရောမ ဇန်နဝါရီ ၅

စွန့်ပစ်ခရမ်းချဉ်သီးများကို ညစ်ညမ်းမှု မရှိသော ပလတ်စတစ်အိတ်များ အဖြစ်သို့ အသွင်ပြောင်းလဲနိုင်သည့် နည်းလမ်းကို မိမိတို့ရှာဖွေတွေ့ရှိခဲ့ကြောင်း အီတလီသုတေသီများက တနင်္လာနေ့၌ ပြောကြားလိုက်သည်။

အဆိုပါ စွန့်ပစ်ခရမ်းချဉ်သီးများအား ညစ်ညမ်းမှုမရှိသော ပလတ်စတစ်အိတ်များအဖြစ်သို့ အသွင်ပြောင်းလဲသည့် စီမံကိန်းကို နေပယ်မြို့အနီးရှိ ပေါ့ဇ်ဇူအိုလီမြို့မှ အီတလီအမျိုးသား သုတေသနကောင်စီ၏ ဇီဝမော်လီကျူး ဓာတုဗေဒဌာနမှ သုတေသီများက လုပ်ဆောင်လျက်ရှိသည်။

ရှာဖွေတွေ့ရှိ

ခရမ်းချဉ်သီးတွင် တွေ့ရှိရသော ပိုလီဆက်ခရိဒ် (ကစီကဲ့သို့ ကာဗွန်ဟိုက်ဒရိတ်)ကို အသုံးပြုထားသည့် ဇီဝအဆင့်လျော့ ပလတ်စတစ်အိတ်များကို မည်သို့ပြုလုပ်ရသည်ကို နည်းလမ်းရှာဖွေတွေ့ရှိထားသည်ဟု သုတေသီ ဘာဘရာနိုကိုလပ်စ်က ပြောကြားသည်။

ခရမ်းချဉ်သီး ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွင်း ခရမ်းချဉ်သီး၏ အခွံနှင့်အစေ့များကို စွန့်ပစ္စည်းများအဖြစ် စွန့်ပစ်ရရာ ၄၀ရာခိုင်နှုန်းမျှသည် အလဟဿ ဖြစ်ရကြောင်း သူမကရှင်းပြသည်။ ထို့စွန့်ပစ်ပစ္စည်းများ အတွင်းပါရှိသည့် ပိုလီဆက်ခရိဒ်များကို ထုတ်ယူသန့်စင်ခြင်းဖြင့် ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုမဖြစ် စေသော ပလတ်စတစ်အိတ်များ၊ ထုပ်ပိုးပလတ်စတစ်များအဖြစ် ပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်ကြောင်း သူမက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

ဇန်နဝါရီ ၅ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၃၃၈ဦးရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၆

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှ စပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။ ဇန်နဝါရီ၅ရက် ဗုဒ္ဓဟူးနေ့၌ အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၃၃၈ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၁၀၅၃ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။

သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၆ဦး၊ အီတလီ၁၉ဦး၊စပိန် ၁၁ဦး၊ဘူဂေးရီးယား ခုနစ်ဦးနှင့်ပိုလန် ၁၃ဦး၊ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ် တိုးနီးယားနှင့် နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၁၂၀၀ဖြစ်ပြီး ယင်းအနက် ၉၄၄ ဦးမှာ တိုက်ပွဲ၌သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

ဗြိတိန်နိုင်ငံသား သုံးဦး အီရတ်၌ တိုက်ခိုက်ခံရပြီးသေဆုံး

လန်ဒန် ဇန်နဝါရီ ၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ ဗြိတိသျှလူမျိုးသုံးဦး တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသွားကြောင်း ဗြိတိသျှ အစိုးရက တနင်္လာနေ့က အတည်ပြု ပြောကြားသည်။

ယင်းကဲ့သို့ အတည်ပြုပြောကြား ခြင်းသည်ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဗြိတိသျှနိုင်ငံခြားရေးရုံးက ပြောကြားသည်။

အဆိုပါ သေဆုံးသွားသည့် ဗြိတိန်နိုင်ငံသားသုံးဦးသည် အီရတ်နိုင်ငံ ပုဂ္ဂလိကလုပ်ငန်းများတွင် လုပ်ကိုင်နေကြသူများဖြစ်သည်။

တိုက်ခိုက်

၎င်းတို့နှစ်ဦးနှင့်အတူ အမေရိကန်အရပ်သား တစ်ဦးလိုက်ပါလာသည့် မော်တော်ယာဉ်ကို အမေရိကန် တပ်ဖွဲ့ဝင်များ၏ စစ်ဆေးရေးစခန်း၌ အသေခံဗုံးခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်ဒေသဖွံ့ဖြိုးရေးတက်ကြွစွာဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့ညနေက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၅၁)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင်ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၁၁)၊ အမှုဆောင်အရာရှိများ မွမ်းမံသင်တန်း အမှတ်စဉ်(၂)နှင့် စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၂၀)သင်တန်းများ ဆင်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။ (ယာပုံ)

သင်တန်းဆင်းလက်မှတ်ပေး

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွှန့်က နယ်စပ်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးနှင့် မြို့သာယာလှပရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရေး နှင့်ပတ်သက်၍ အသေးစိတ်အမှာ စကားပြောကြားကာ အဆင့်မြင့်အုပ် ချုပ်မှုသင်တန်းအမှတ်စဉ်(၁၁)တွင် စံပြသင်တန်းသားဆုရရှိသူ ဦးနီထွန်း (ဒုတိယညွှန်ကြားရေးမှူး၊ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့)အား လည်းကောင်း၊ အမှုဆောင်အရာရှိ များမွမ်းမံသင်တန်း အမှတ်စဉ်(၂)တွင် စံပြသင်တန်းသားဆုရရှိသူ ဦးမောင်မောင်အေး (ဦးစီးအရာရှိ၊ ကွမ်းခြံကုန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့)အား လည်းကောင်း၊ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၀)တွင် စံပြသင်တန်း သားဆုရရှိသူ ဦးမျိုးကြည် (ဒုတိယ ဦးစီးမှူး၊ သန်လျင်မြို့နယ် စည်ပင် သာယာရေးအဖွဲ့)အားလည်းကောင်း ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်း သားခေါင်းဆောင်များသို့ ပေးအပ် သည်။

သင်တန်းများ ဆင်းပွဲအပြီးတွင် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွှန့်နှင့်အဖွဲ့ သည် သင်တန်းသားများ၏ အိပ် ဆောင်၊ စာသင်ခန်း၊ ထမင်းစားခန်း နှင့် သင်တန်းကျောင်း၏သာယာလှပ ရေးဆောင်ရွက်ထားမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၃ ရက်က ဗဟန်း အမက(၁) ပညာရေးစုံညီပွဲတော်၊ ပညာရည်ချွန် ဆုချီးမြှင့်ပွဲနှင့် ပဒေသာကပွဲတွင် စတုတ္ထတန်းမှ ပညာရည် ထူးချွန်ဆုရရှိသူ ကျောင်းသူတစ်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးချစ်ခင်က ဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၇-၁-၂၀၀၅

(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ အတီးပြိုင်ပွဲ

၈:၁၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်

၈:၂၀ ၇။ ဘော်ဘင်ရေလျှောင်တမံ

၈:၃၀ ၈။ International News

၈:၄၅ ၉။ English for Everyday Use

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ Practice in Reading.

၁၆:၄၅ ၄။ တေးဂီတအစီအစဉ်

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ဓာတုဗေဒ အထူးပြုများ) (ဓာတုဗေဒ)

၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ

၁၇:၃၀ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး

၁၇:၄၀ ၈။ နည်းစနစ်မှန်မှန်အားကစားအခြေခံ

၁၇:၅၀ ၉။ ဂီတမဟာပျော်စရာ

၁၈:၀၅ ၁၀။ **“စက်မှုတပ်ဆင် လုပ်ငန်းတွင်”** အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ အကယ်ဒမီမို့မို့မြင့်အောင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)

၁၈:၁၀ ၁၁။ Discovery

၁၈:၁၅ ၁၂။ နှောင်းခေတ်တေးပဒေသာ

၁၈:၃၀ ၁၃။ ညနေခင်းသတင်း

၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **“လူချွန်လူကောင်း”** (အပိုင်း-၄၄)

၁၉:၃၅ ၁၆။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု **“ရွှေရောင်လွှမ်းသည့် မြန်မာ့အားကစား” အပိုင်း(၂)**

၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ မြန်မာရုပ်ရှင် **“ငါသူတစ်ပါး ယောက်ျား မိန်းမ”** ရန်အောင်၊ လွင်မိုး၊ ခင်ဇာခြည်ကျော်၊ မေသန်းနု၊ ထက်ထက်မိုးဦး (ဒါရိုက်တာ-ပန်းချီစိုးမိုး)

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

သဇင်ရေကျော် အရှင်ပဏ္ဍာဝံသ၏ ဓမ္မဒေသနာခရီးစဉ်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်(၂)ရပ်ကွက် သဇင်ရေကျော် မိုးကုတ်ဓမ္မရိပ်သာ သာသနာပြု ဓမ္မကထိက ဓမ္မာစရိယ အရှင်ပဏ္ဍာဝံသနှင့် အရှင်ကောသလ္လ အရှင်သူမြတ်တို့သည် ပြာသိုလဆန်း ၁ရက်မှ ၆ရက်အထိ ပွင့်ဖြူမြို့နယ် ကျောင်းကုန်းကြီးကျေးရွာ မိုးကုတ်ဓမ္မရိပ်သာ၌လည်းကောင်း၊ ပြာသိုလဆန်း ၇ရက်မှ ၉ ရက်အထိ မင်္ဂလာဒုံမြို့နယ် ကာယရပ်ကွက် ဓမ္မာရုံတော်၌လည်းကောင်း၊ ပြာသိုလဆန်း ၁၁ရက်မှ လပြည့်ကျော် ၂ရက်အထိ ဇလွန်မြို့နယ် ဥသျှစ်ကွင်းကျေးရွာ မိုးကုတ်ဓမ္မရိပ်သာ၌လည်းကောင်း၊ လပြည့်ကျော် ၅ ရက်မှ ၉ ရက်အထိ မြောင်းမြမြို့နယ် အညာစုကျေးရွာ မိုးကုတ် ဓမ္မရိပ်သာ၌လည်းကောင်း၊ လပြည့်ကျော် ၁၀ ရက်မှ လပြည့်နေ့အထိ မြောင်းမြမြို့နယ် အိမ်တစ်လုံးကျေးရွာ မိုးကုတ်ဓမ္မရိပ်သာ၌လည်းကောင်း ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားပြသမည်ဟု သိရသည်။ **(က-ပ)**

ဘိုကလေး အထက(၂) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၆

ဘိုကလေးမြို့နယ် အထက(၂) ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဘိုကလေးမြို့နယ် အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၉ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ဆရာကြီး ဆရာမကြီးများထံ သီးခြားဖိတ်စာပေးပို့ထားပြီးဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် တက်ရောက်လိုက်ပါမည့်သူများသည် ဦးတင်မောင်မြင့် [အတွင်းရေးမှူး၊ ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)] ဖုန်း-၂၁၂၅၀၈၊ ဦးသန်းစိုး ဖုန်း-၅၄၉၂၂၆၊ ဦးသိန်းဦး ဖုန်း-၀၉-၅၁၀၂၀၆၉ တို့သို့ ဆက်သွယ်နိုင်ပြီး ဘိုကလေးမြို့နယ်အသင်း နှစ်(၅၀)ပြည့် ရွှေရတုပွဲတော်သွားရေယာဉ်ဖြင့် ဇန်နဝါရီ ၈ ရက် နံနက် ၇နာရီတွင် မော်တင်ဆိပ်ကမ်းမှ ဘိုကလေးမြို့သို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

● *ကျောဖုံးမှ*

အကုန်အကျခံ၍ လုံခင်း-အိုက္ကားကြား ဘွေနူးမြစ်သံကြိုးတံတား၊ ငွေကျပ် ၂၀၀၀၀၀ အကုန်အကျခံ၍ ဟာသာ-လင်းဟာကြား ဖီဗာချောင်းသစ်တံတား၊ ငွေကျပ် ၂၀၀၀၀၀ အကုန်အကျခံ၍ သုံးဧကရှိ အင်ကြားလို ခေတ်မီလက်ဖက်စိုက်ခင်းများ တည်ဆောက်စိုက်ပျိုးပေးခဲ့သည်။

ခေတ်မီလက်ဖက်စိုက်ခင်း

ဖလမ်းမြို့နယ်တွင် ငွေကျပ် ၁၅၀၀၀၀ အကုန်အကျခံ၍ ဖလမ်း-ဆိမ်ဇောလ်-ထန်ညှာလမ်း၊ ငွေကျပ် ၃၀၀၀၀၀ အကုန်အကျခံ၍ ကြီးကြိုင်-ဗာဇုန်ကြား မဏိပူရမြစ်ကူးတံတား၊ ငွေကျပ် ၁၅၀၀၀၀ အကုန်အကျခံ၍ စီဇာမွာလ်-ရဲလ်စိန်ကြား ချောင်းကူးတံတား၊ ငွေကျပ် ၁၀၇၀၀၀ အကုန်အကျခံ၍ လိုင်ဇိုးနှင့် ဘိုင်လာကြားတံတားပြင်ဆင်မှု ၊ ငွေကျပ် ၁၄၃၀၀၀ အကုန်အကျခံ၍ ကြောင်ဟဲင်းရွာ ခေတ်မီလက်ဖက်စိုက်ခင်းများ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

တီးတိန်မြို့နယ်တွင် ငွေကျပ် ၃၀၀၀၀၀ အကုန်အကျခံ၍ ခေါဆပ်-ဘွင်မံကြား ကားလမ်းတိုးချဲ့ရေး၊ ငွေကျပ် ၃၀၀၀၀၀ အကုန်အကျခံ၍ လိမ်ခိုင်(ဘုန်း)မှ သွင်ထိဂျစ်ကားလမ်း၊ ငွေကျပ် ၅၀၀၀၀၀ အကုန်အကျခံ၍ တောင်ပီးရွာ ကုန်းမြင့်လယ်ယာဧက ၇၀ ရေသွင်းမြောင်းဖောက်လုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထန်တလန်မြို့နယ်တွင် ငွေကျပ် ၆၀၀၀၀၀ အကုန်အကျခံ၍ ဆိုပွမ်း-ဗန်ဇုန်-ထလန်ပီးထိ ကားလမ်းတိုးချဲ့ရေး၊ ငွေကျပ် ၂၀၀၀၀၀ အကုန်အကျခံ၍ ထလန်ရွာ-ဟရီဖီကြား လအော်ချောင်းကူးတံတား၊ ငွေကျပ် ၂၅၀၀၀၀ အကုန်အကျခံ၍ လေတပ်(ခ်)နှင့် ဖိုပီးကြား ဟရမ်ဗားချောင်းတံတား၊ ငွေကျပ် ၂၀၀၀၀၀ အကုန်အကျခံ၍ နှာရိန်-လေကန်ကြား ဘွေနူးမြစ်ကူးတံတားများ ဆောင်ရွက်ပေးခဲ့သည်။



မြင့်မားမတ်စောက်သည့် ချင်းပြည်နယ်တွင် တစ်ဒေသနှင့်တစ်ဒေသ လွယ်ကူစွာသွားလာနိုင်မည့် ကျေးရွာချင်းဆက်လမ်းများကို ဤသို့တွေ့ခဲ့ရသည်။ ဓာတ်ပုံမှတ်တမ်း-ထွေးကြည်(မြန်မာ့အလင်း)

နတ်မတောင်ရှောင်ကွင်းလမ်း

တွန်းဇန်မြို့နယ်တွင် ငွေကျပ် ၃၀၀၀၀၀ အကုန်အကျခံ၍ ခေါဆပ်-ဘွင်မံကြား ကားလမ်းတိုးချဲ့ရေး၊ ငွေကျပ် ၂၀၀၀၀၀ အကုန်အကျခံ၍ ဆဲနမ့်ရေသွယ်မြောင်းဖောက်လုပ်ရေး၊ ငွေကျပ် ၇၀၀၀၀၀ အကုန်အကျခံ၍ ကန်ဘောက်ဆေးပေးခန်းများနှင့် ကန်ပက်လက်မြို့နယ်တွင် ငွေကျပ် ၂၀၀၀၀၀၀ အကုန်အကျခံ၍ နတ်မတောင်ရှောင်ကွင်းလမ်းများကို တည်ဆောက် ဖောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။

မတူပီမြို့နယ်တွင် ငွေကျပ် ၈၀၀၀၀၀ အကုန်အကျခံ၍ ဟုန်လေး-ခွာင်နီးတံတား၊ ငွေကျပ် ၁၅၀၀၀၀ အကုန်အကျခံ၍ လိုင်လင်ပီ-တီဆီချောင်းကူးတံတားပြုပြင်မှု၊ ငွေကျပ် ၂၅၀၀၀၀ အကုန်အကျခံ၍ ရေစွာ-ဆော်တီး-ဝမ်းပူချောင်း သံကြိုးတံတားပြုပြင်မှုနှင့် ပလက်ဝမြို့နယ်တွင် ငွေကျပ် ၃၀၀၀၀၀ အကုန်အကျခံ၍ ကန့်လာဝရွာ သစ်သားတံတား၊ ငွေကျပ် ၂၅၀၀၀၀ အကုန်အကျခံ၍ ကီလာဝ-ဦးရှိန်ဝရွာ သစ်သားတံတား၊ ငွေကျပ် ၃၅၀၀၀၀ အကုန်အကျခံ၍ မီချောင်းဝမူလတန်းကျောင်း အဆောက်အအုံအမိုးပြုပြင်မှုများကို ဆောင်ရွက်ပေးခဲ့သည်။

ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်း၊ တံတားများဖောက်လုပ်ခြင်း၊ ကျောင်းများပြုပြင်ခြင်း၊ ရေသွင်းမြောင်းများဖောက်လုပ်ခြင်း၊ ခေတ်မီလက်ဖက်စိုက်ခင်းများစိုက်ပျိုးခြင်းများကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် သိန်း ၁၀၀ အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ရာ ရာခိုင်နှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။

သို့ဖြစ်ပေရာ ၂၀၀၅ ခုနှစ် နှစ်သစ်တွင် ချင်းပြည်နယ် ကျေးလက်ဒေသများသည် သွားရေးကသာ လာရေးဖြောင့်တန်းကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စိုက်ပျိုးရေးတိုးတက်ပြီး ဆောင်းရာသီတွင် ပွင့်လန်းနေသော ချင်းပြည်နယ်၏ တောင်ဇလပ်ပန်း၊ ချယ်ရီပန်းတို့နှင့် အလှချင်းပြိုင်နေသည်ဟု ဆိုရပေမည်။ ။ **(မြန်မာ့အလင်း)**

ဇန်နဝါရီ ၃ ရက်က အမက(၁၂) အခြေခံပညာမူလတန်းလွန်ကျောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တွင်ကျင်းပသော ပညာရေးစုံညီပွဲတော်၌ သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ပညာရည်ချွန် ပထမဆုနှင့် မူးယစ်ဆေးဝါးတားဆီးရေး ပိုစတာပြိုင်ပွဲ ပထမဆုရ မောင်ပေါင်အိခန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စီက ဆုချီးမြှင့်စဉ်။ (က-ပ)

✡ ရှေ့ဖုံးမှ

သမဝါယမထုတ်ကုန်ပစ္စည်းများ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးမှာ သမဝါယမအသင်းများအတွက်သာမက နိုင်ငံတော်အတွက်ပါ အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေသဖြင့် သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်များကို ပြည်နယ်၊ တိုင်းအသီးသီးတွင် (၁၇)ကြိမ် ကျင်းပပြုလုပ်ခဲ့သည်။

သမဝါယမသည် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ဆန္ဒတူသူများ အတူတကွ ပူးပေါင်းလုပ်ဆောင်သော အဖွဲ့အစည်းဖြစ်သည်။ သမဝါယမသည် တန်းတူရည်တူဖြစ်ခြင်း၊ ဆန္ဒအလျောက်ပါဝင်ခြင်း၊ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခြင်း၊ စီးပွားရေးနှင့် လူမှုရေးမြှင့်တင်ခြင်းဟူသော အခြေခံတွေးခေါ်ယူဆချက်များနှင့် ရိုးသားခြင်း၊ အလေးထားခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြုသဘောဖြင့် လုပ်ဆောင်ခြင်းစသော အခြေခံကျင့်ဝတ်များကို ခံယူကျင့်သုံးကာ မိမိတို့၏ လူမှုရေး၊ စီးပွားရေးဘဝများကို မြင့်မားအောင် ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံတွင် သမဝါယမအခန်းကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးနယ်ပယ်အသီးသီး၌ ပါဝင်လှုပ်ရှား ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

ကျယ်ကျယ်ပြန့်ပြန့်

နိုင်ငံတော်စီးပွားရေး၏ အခြေခံအကျဆုံးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်လည်းကောင်း၊ မွေးမြူရေးကဏ္ဍတွင်လည်းကောင်း၊ ဘဏ်လုပ်ငန်းများတွင်လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်းကောင်း၊ စက်မှုလက်မှုကဏ္ဍတွင်လည်းကောင်း၊ စားသောက်ကုန်နှင့် အထည်အလိပ်ထုတ်လုပ်ခြင်းအပါအဝင် မော်တော်ကားထုတ်လုပ်ခြင်းနှင့် ကျေးလက်ရေရရှိရေး၊ ကျေးလက်လျှပ်စစ်မီးရရှိရေးကဏ္ဍများအထိ သမဝါယမလုပ်ငန်းများသည် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

သမဝါယမ စိုက်ပျိုးရေးကဏ္ဍတွင် စပါး၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲ၊ ငရုတ်၊ ကြံစသည့် အရေးကြီးသီးနှံများကို စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ဥယျာဉ်ခြံမြေအတွင်း ကော်ဖီ၊ ငရုတ်ကောင်း၊ တညင်း၊ ပန်းသီး၊ လိမ္မော်၊ သရက်နှင့် လက်ဖက်တို့ကို စိုက်ပျိုးထုတ်လုပ်ခဲ့သည်။

စနစ်တကျမွေးမြူ

မွေးမြူရေးကဏ္ဍတွင်လည်း ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ နွား မွေးမြူထုတ်လုပ်ခြင်းနှင့် ရေချိုရေငန်ငါး၊ ပုစွန်လုပ်ငန်းများကို မြို့နယ် ၆၄မြို့နယ်တွင် မွေးမြူရေးကန်များဖြင့် စနစ်တကျ မွေးမြူဆောင်ရွက်လျက် ရှိသည်။

သတ္တုကဏ္ဍတွင်လည်း မြေဖြူ၊ ကျွေကျောက်၊ သတ္တု(ရောရာ)၊ ဂေါ်ဒန်ကျောက်၊ ဂဝံကျောက်၊ မြစ်ကျောက်စရစ်၊ လမ်းခင်းကျောက်များ ထုတ်လုပ်နိုင်ခဲ့သည့်အပြင် အဖိုးတန် မြန်မာ့ကျောက်မျက်ရတနာများကိုလည်း ဖော်ထုတ်ပြသရောင်းချနိုင်ခဲ့သည်။

သမဝါယမ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း များစွာရှိသည့်အနက် ပြည်သူလူထုအတွက် မရှိမဖြစ်လိုအပ်သော စားသုံးဆီထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့သည်။

စက်မှုလက်မှုကဏ္ဍအနေနှင့် သွင်းကုန်အစားထိုးလုပ်ငန်းများဆောင်ရွက်ရာတွင် စပါးခြွေလှေ့စက်၊ စပါးခြွေစက်၊ ရေစုပ်ပန့်၊ မျိုးစေ့ချကိရိယာ၊ ပေါင်းသင်ကိရိယာ၊ အနိမ့်ရေတင်စက်၊ သဘာဝမြေဩဇာ၊ ကျောက်ပြား၊ ကြွေသီးစုံ၊ မီးခံအုတ်၊ မျက်မှန်၊ ပလတ်စတစ်ပိုက်၊ သကြားလုံး၊ သကြား၊ နို့ဆီ၊ ဆပ်ပြာမှုန့်၊ စပါးခွံဓာတ်ငွေ့သုံးအင်ဂျင်စက်များ ထုတ်လုပ်လျက်ရှိသည်။

အားသာချက်

သမဝါယမထုတ်ကုန်ပစ္စည်းများသည် အမျိုးအမည် အမည်နာမများစွာ ရှိသည်။

ပြည်နယ်နှင့်တိုင်း အသီးသီးရှိ သမဝါယမများက မိမိတို့ထုတ်ကုန်ပစ္စည်းများနှင့် ဒေသထွက်ကုန်ပစ္စည်းများကိုလာရောက်ပါဝင် ပြသကြမည်ဖြစ်သဖြင့် **'သမဝါယမ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်–၂၀၀၅'**သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထွက်ကုန်ပစ္စည်းမျိုးစုံကို တစ်နေရာတည်းတွင် တွေ့မြင်ဝယ်ယူနိုင်ကြမည်ဖြစ်သည်။

ဤသည်မှာ သမဝါယမများ၏ အားသာချက်ပင်ဖြစ်သည်။

သမဝါယမဝန်ကြီးဌာန
မြန်မာ့သမဝါယမရာပြည့်အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော်–၂၀၀၅

သမဝါယမကုန်သန်းရောင်းဝယ်ရေးဗဟိုဌာန
ဆရာစံပလာဇာ
ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်။
(၇–၁–၂၀၀၅ မှ ၁၃–၁–၂၀၀၅ ထိ)
နေ့စဉ်နံနက် (၉) နာရီမှ ည (၉)နာရီ

အထက(၁) ရန်ကင်းတွင် ၁၉၆၂မှ ၁၉၇၅ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသောကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂ရက်က သီရိရတနာခန်းမတွင် ကျင်းပရာ အငြိမ်းစားဆရာ ဆရာမကြီး ၉၀တို့အားကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြစဉ်။ (က–ပ)

သမဝါယမအဖွဲ့အစည်းများသည် တောင်ပေါ်၊ မြေပြန့်၊ မြို့ပြ၊ ကျေးရွာ၊ ရပ်ကွက်အထိ နေရာအနှံ့အပြားတွင်ရှိသည်။

ထို့ကြောင့် သမဝါယမများကို စုစည်းလိုက်သောအခါ နယ်မြေဒေသထုတ်ကုန် ထွက်ကုန်အသီးသီးကို တစ်နေရာတည်းတွင် စုံစုံလင်လင်တွေ့ထိခံစားနိုင်ရန် ပြည်နယ်၊ တိုင်းအသီးသီး၏ ထုတ်ကုန်ပစ္စည်းပြခန်းများကို ပြသသွားမည်ဖြစ်သည်။ ထို့အပြင် ကုန်စည်ဖလှယ်ခြင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ခင်းကျင်းပြသ

မြန်မာ့သမဝါယမ ရာပြည့်ပြခန်းတွင် ခေတ်အဆက်ဆက် သမိုင်းဝင်ဓာတ်ပုံများ၊ ခေတ်ဟောင်းစာအုပ်များ၊ ဥပဒေများ၊ အမှတ်တံဆိပ်များ၊ အစုလက်မှတ်များ၊ အလံများ၊ သမဝါယမ လေ့ကျင့်ပညာပေးရေးသမိုင်း၊ လူထုပညာပေးရေး လုပ်ငန်းများ၊ နှစ်(၅၀)အထက် ဘိုးသက်ရှည် သမဝါယမအသင်းများ၏သမိုင်း၊ ICA နှင့် မြန်မာ့သမဝါယမဆက်သွယ်ဆောင်ရွက်မှုမှတ်တမ်း၊ ခေတ်အဆက်ဆက် စီမံကိန်းများအကြောင်း၊ မြန်မာ့သမဝါယမ အစပြုကွက်များ၊ Micro Finance မူလအစပြုကွက်များ ခင်းကျင်းပြသမည်ဖြစ်သည်။

'သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်–၂၀၀၅' သည် စားသုံးသူပြည်သူလူထုအတွက် နယ်မြေဒေသအသီးသီးမှ စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်း၊ အထည်အလိပ်မျိုးစုံ၊ ပရိဘောဂနှင့် အလှဆင်ပစ္စည်းမျိုးစုံတို့ကို ဈေးနှုန်းချိုသာစွာ၊ လွယ်ကူချောမွေ့စွာ ဝယ်ယူရရှိနိုင်မည့်အပြင် ကုန်ပစ္စည်းနှင့် ဈေးကွက်လေ့လာလိုသူများ၊ ဗဟုသုတရှာမှီးလိုသူများအတွက် သမဝါယမသမိုင်းကြောင်းနှင့် သမဝါယမလှုပ်ရှားမှုများ၊ လူမှုရေး၊ ပညာရေးလှုပ်ရှားမှုများကို ရှားပါးဓာတ်ပုံများ၊ စာအုပ်စာပေ အထောက်အထားများနှင့် လေ့လာတွေ့ရှိနိုင်မည်ဖြစ်သည်။

သမဝါယမဝန်ကြီးဌာနသည် သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်များကို ကျင်းပပြုလုပ်ရာတွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်စေရန်၊ ထုတ်ကုန်ပစ္စည်းအသစ်အဆန်းများ ထုတ်လုပ်ပြသနိုင်ရန် ကြိုးပမ်းအားထုတ်လုပ်ဆောင်ခဲ့သည့်နည်းတူ ယခုသမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်ကိုလည်း အဘက်ဘက်က လိုလေသေးမရှိအောင် အားဖြည့်ဆောင်ရွက်ထားကြောင်း သိရသည်။

အထူးသဖြင့် ပြပွဲလာပြည်သူများ ပင်ပန်းမှုပြေပျောက်စေရန် ဖျော်ဖြေရေးအစီအစဉ်များကို ထည့်သွင်းပေးထားသည်။

ၒင်းပြင် ရိုးရာအစားအစာများနှင့် စားသောက်ဆိုင်မျိုးစုံကိုလည်း ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

'သမဝါယမ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်–၂၀၀၅' သည် သမဝါယမ၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရများရော၊ ပုဂ္ဂလိက၏ အခင်းအကျင်းနှင့် အစီအမံများရောတွေ့မြင်ကြရမည်ဖြစ်သည်။

တွေ့မြင်ခံစား

'သမဝါယမထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော်–၂၀၀၅' ကို သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ဦးဆောင်သော နာယကအဖွဲ့နှင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း ဦးဆောင်သော ဦးစီးကော်မတီ၊ အထောက်အကူပြု ဆပ်ကော်မတီများဖြင့် စနစ်တကျဖွဲ့စည်းပြီး လုပ်ငန်းများကို ကြီးကြပ်စီမံဆောင်ရွက်နေသဖြင့် ကောင်းမွန်ပြည့်စုံ စည်ကားသိုက်မြိုက်သော ကုန်စည်ပွဲတော်ကြီးတစ်ခုအဖြစ် မလွဲမသွေ တွေ့မြင်ခံစားကြရမည်ဖြစ်သည်။

ဤ**'သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်–၂၀၀၅'**သည် သမဝါယမ၏ စုစည်းမှုစွမ်းအားကို မျက်ဝါးထင်ထင်တွေ့မြင်ရမည့်ပြပွဲနှင့် အရောင်းပွဲတော်ကြီးတစ်ခုဖြစ်ပါကြောင်းရေးသားဖော်ပြအပ်ပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)စိတ်ကျန်းမာရေးပညာအဖွဲ့ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) စိတ်ကျန်းမာရေးပညာအဖွဲ့ ဒုတိယအကြိမ် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ရှနာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများနှင့် ဆရာဝန်၂၀၀ခန့် တက်ရောက်ကြသည်။

နှီးနှောဖလှယ်ပွဲတွင် ပြည်ပမှ ဆရာဝန် ရှစ်ဦးနှင့် စိတ်ကျန်းမာရေး ပညာအဖွဲ့မှ ဆရာဝန်များက သုတေသနနှင့် ဆေးပညာစာတမ်းပေါင်း ၂၅စောင်ကို ဖတ်ကြားဆွေးနွေးမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဿနိကဗေဒမိသားစု အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၆

ဒဿနိကဗေဒ မိသားစု၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၃၀ရက် နံနက်၉နာရီတွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ဒဿနိကဗေဒ နေ့ကျောင်းသား ကျောင်းသူများနှင့် အဝေးသင်တက္ကသိုလ်ကျောင်းသားကျောင်းသူများအားလုံး ဆရာများအားလာရောက် ကန်တော့ကြရန်နှင့် ပါမောက္ခ/ဌာနမှူး (ဒဿနိကဗေဒဌာန) ဖုန်း–၅၃၅၇၂၉၊ ဒဂုံတက္ကသိုလ် ဒဿနိကဗေဒဌာနမှူး ဖုန်း–၅၈၄၅၆၉(လိုင်းခွဲ–၃၅၇)၊ အရှေ့ပိုင်းတက္ကသိုလ် ဒဿနိကဗေဒဌာနမှူး ဖုန်း–၀၅၆–၂၁၈၇၅(လိုင်းခွဲ–၁၂၆)၊ အနောက်ပိုင်းတက္ကသိုလ် ဒဿနိကဗေဒဌာနမှူး ဖုန်း–၆၁၀၈၃၃(လိုင်းခွဲ– ၂၈)၊ အဝေးသင်တက္ကသိုလ် ဒဿနိကဗေဒဌာနမှူး ဖုန်း–၅၃၆၅၃၁(လိုင်းခွဲ– ၂၃)နှင့် ဦးမောင်ဝင်း ဖုန်း–၅၀၃၁၄၇၊ ၅၂၇၁၉၇၊ ဦးကြည်ဝင်း ဖုန်း–၅၂၅၆၁၆၊ ဦးမြင့်ဆွေ ဖုန်း–၇၂၃၁၅၇၊ ဦးအုန်းစိန် ဖုန်း–၀၉–၉၉–၇၀၈၉၁၊ ၂၂၀၆၃၄၊ ဦးကျော်ဆွေ ဖုန်း–၅၅၆၈၉၄၊ ကိုအောင်ကျော်မိုး ဖုန်း– ၅၃၄၁၄၅၊ ၂၀၂၈၁၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဟိုက်စကူးကျောင်းသားဟောင်းအာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၆

စစ်ပြီးခေတ် ရန်ကုန်ဂါးဗားမင့်ဟိုက်စကူး ကျောင်းသားဟောင်းများက အသက်ထင်ရှားရှိနေသေးသော ဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ကန်တော့ကြမည့် ကျောင်းသားဟောင်းများမှာ အသက်အငယ်ဆုံး (၆၅)နှစ်ဖြစ်ပြီး အသက်အကြီးဆုံးကျောင်းသားဟောင်းများမှာ အသက်(၇၅)နှစ်ဖြစ်သည်။ အာစရိယပူဇော်ပွဲကို အထက(၁)လသာကျောင်းတွင် ဇန်နဝါရီ ၁၆ရက် (တနင်္ဂနွေနေ့) နံနက်၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်း ၂၀၀၄–၂၀၀၅ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် စတုတ္ထတန်း မြို့နယ်စာပေထူးချွန်ပထမဆုရ မအေးအေးမြင့်အား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းက ဆုချီးမြှင့်စဉ်။

(က–ပ)

ထားဝယ်အသင်းနှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ထားဝယ်အသင်း၏ (၇၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် (Ph.D) ပါရဂူဘွဲ့ရ ဂုဏ်ပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ဇမ္ဗူရတနာ ပါဠိတက္ကသိုလ် (ထားဝယ် ဘုန်းတော်ကြီးကျောင်း) အလုံလမ်း အလုံမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် အသင်းရုံး ဖုန်း–၂၂၂၂၁၉ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

တိပိဋကဓရဆရာတော် တရားဓမ္မဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်(၁၆/၂)ရပ်ကွက်ရှိ စွန်းလွန်းဂူဝိပဿနာ ကျောင်းတိုက်၏ ပဓာန နာယကဆရာတော် အရှင်သုန္ဒရ (တိပိဋကဓရ၊တိပိဋကကောဝိဒ)သည် ဇန်နဝါရီ ၇ ရက်တွင်မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့် သတ္တမဗုဂ္ဂဟာဓမ္မာရုံတွင်လည်းကောင်း၊ ဇန်နဝါရီ ၈ ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက်တွင်လည်းကောင်း၊ ၉ ရက်တွင် တောင်ဒဂုံ(၇၁)ရပ်ကွက်တွင်လည်းကောင်း၊ ၁၀ရက်တွင် စွန်းလွန်းဂူကျောင်း ဓမ္မာရုံတွင်လည်းကောင်း၊ ၁၂ရက်တွင် ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် ဗျာဒိတ်ပေးကိုယ်တော်ကြီး ယာယီစံကျောင်းမဏ္ဍပ်တွင်လည်းကောင်း၊ ၁၃ ရက်နှင့် ၁၄ရက်တို့တွင် ပခုက္ကူမြို့တွင်လည်းကောင်း၊ ၁၅ ရက်တွင် မြိုင်မြို့နယ် မန်ကျီးစုရွာတွင်လည်းကောင်း၊ ၁၆ရက်နှင့် ၁၇ရက်တို့တွင် မြိုင်မြို့နယ် ကျောက်တိုင်ရွာတွင်လည်းကောင်း တရားဓမ္မများ ချီးမြှင့်တော်မူမည်ဟု သိရသည်။ **(က-ပ)**

ရန်ကုန်အရှေ့ပိုင်းခရိုင်ဒေါပုံမြို့နယ် အလက(၃)ကျောင်းတွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ပညာရေးစုံညီပွဲတော် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၃ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ဘက်စုံထူးချွန် လေးနှစ်ဆက်တိုက်ဆုနှင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် (တိုင်းအဆင့်) ဆုရရှိသော အဋ္ဌမတန်းကျောင်းသူ မသန္တာဝင်းအား ကျောင်းအုပ်ဆရာကြီး ဦးငွေအောင်က ဆုများချီးမြှင့်နေစဉ်။ (က-ပ)

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသားကျောင်းသူဟောင်းများ ဆဋ္ဌမအကြိမ် တွေ့ဆုံပွဲတက်ရောက်ရန်နှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၆

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် တွေ့ဆုံပွဲကို ဇန်နဝါရီ ၁၄ရက် (သောကြာနေ့)ညနေ ၅နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (I.B.C) မြက်ခင်းပြင်တွင် ကျင်းပမည်ဖြစ်သည်။

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများအသင်း အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းမည်ဖြစ်ရာ ကျောင်းသားကျောင်းသူများ (၁၉၉၃-၂၀၀၄)မပျက်မကွက် တက်ရောက်ကြရန်နှင့် ကိုခင်မောင်ဌေး ဖုန်း-၆၅၁၈၁၀၊ ကိုသန့်ဇော် မင်းလတ်ကြူ ဖုန်း-၅၅၉၉၈၉၊ ကိုငြိမ်းချမ်းဦး ဖုန်း-၀၉-၈၀-၂၄၀၇၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

သာယာမည် ရန်ကုန်မြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့သာယာမည်။

ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဘာသာရပ် ကျောင်းသား ကျောင်းသူဟောင်းများ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဘာသာရပ် ၁၉၇၄-၈၀ ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၁၅ ရက် (စနေနေ့) ညနေ ၄ နာရီတွင် ဗဟန်းအားကစားကွင်းအနီး အမ်-သရီး စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ဦးစိုးဝင်း ဖုန်း-၀၉-၅၀-၀၀၈၈၆၊၂၄၁၉၂၅၊ ၃၇၁၅၅၆၊ ဦးဝင်းနိုင် ၆၄၁၃၂၁၊ ၀၉-၉၉-၂၃၈၄၈၊ ဦးအောင်ကျော်ဝင်း ၆၆၃၈၄၀၊ ၇၀၃၈၀၀၊ ဒေါ်မိမိထွန်း ၂၀၁၆၃၃ နှင့် ဒေါ်ရင်ရင်ရွှေ ၂၄၉၆၅၁၊ ၂၈၂၅၂၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် တနင်္သာရီတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသမီးရေးရာအဖွဲ့ဝင်များ လူမှုရေးအသင်းအဖွဲ့များနှင့်လက်တွဲ နိုင်ငံတော်၏စွမ်းအားစုတစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် တနင်္သာရီတိုင်း မြိတ်မြို့အားကစားခန်းမ၌ကျင်းပရာ အမျိုးသမီးရေးရာ အဖွဲ့ဝင် ၁၂၀၀ ကျော်တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အဖွင့်အမှာစကား ပြောကြားရာ၌ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဖွဲ့စည်းခဲ့သည်မှာ တစ်နှစ်တာကာလပြည့်မြောက်ခဲ့ပြီးဖြစ်၍ လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေ အရပ်ရပ်နှင့် အားနည်းချက်၊ အားသာချက်များကိုလေ့လာနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အဖွဲ့ချုပ်ကိုဖွဲ့စည်းခဲ့သည့် ရည်ရွယ်ချက် (၇)ရပ်အတိုင်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အခြေခံမူများဖြစ်သော အမျိုးသားရေးဆိုင်ရာ အခြေခံမူ၊ တိုင်းရင်းသားရေးရာဆိုင်ရာ အခြေခံမူ၊ ဘာသာရေးဆိုင်ရာအခြေခံမူ၊ လူမှုရေးဆိုင်ရာ အခြေခံမူနှင့် အမျိုးသမီးရေးရာ အခြေခံမူများကို စနစ်တကျ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊နိုင်ငံတော်အနေဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး အဓွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူလူထု၏ စည်းလုံးညီညွတ်မှုအင်အား တည်ဆောက်ရာတွင် စေတနာ့ဝန်ထမ်းလူမှုရေးအသင်းအဖွဲ့များ ရှင်သန်ဖြစ်ထွန်းလာအောင် အားပေးကူညီလျက် ရှိကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အရန်မီးသတ်၊ကြက်ခြေနီနှင့် စစ်မှုထမ်းဟောင်းစသည့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များက အရှိန်အဟုန်ဖြင့်ပါဝင်ဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့်လည်းအမျိုးသမီးများ အကြမ်းဖက်မခံရရေး၊ လူမှောင်ခိုနှင့် ကူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်အတူ တက်တက်ကြွကြွပါဝင်ဆောင်ရွက်ပေးနေကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ဒို့တာဝန် အရေးသုံးပါး ဦးထိပ်ထားပြီး ဦးတည်ချက်(၁၂)ရပ် ချမှတ်ကာ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နေ့မအား ညမနား ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားများက တပ်မတော် ဂုဏ်သိက္ခာကျအောင်၊ တပ်မတော်နှင့် ပြည်သူများ သွေးကွဲအောင် နည်းမျိုးစုံဖြင့် မဟုတ်မမှန် စွပ်စွဲမှုများအပေါ်၌ မိမိတို့ အဖွဲ့ဝင်များအနေဖြင့် အမှန်တရားကိုသိမြင်ကြရန် လိုအပ်ကြောင်း၊ မိမိတို့ အမျိုးသမီးရေးရာ အဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်၏ ဦးတည်ချက်၊ နိုင်ငံတကာ အခြေအနေ၊ လက်ရှိဖြစ်ထွန်း တိုးတက်နေမှု ပကတိ အခြေအနေမှန်များအပေါ် သိမြင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နိုးကြားတက်ကြွလာမည်ဖြစ်ကြောင်း၊ မဟုတ်မမှန်စွပ်စွဲမှုများကို အမှန်တရားဖြင့် ချေဖျက်ပြီး နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း သွားကြရမည်ဖြစ်ကြောင်း။

အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အရန်မီးသတ်နှင့် ကြက်ခြေနီစသည့် လူမှုရေးအသင်းအဖွဲ့များနှင့်လက်တွဲ၍ နိုင်ငံအကျိုးပြုလုပ်ငန်းများတွင်ပါဝင်ပြီးနိုင်ငံတော်၏ စွမ်းအားစုတစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က လူမှောင်ခိုမှုနှင့် လူကုန်ကူးခြင်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်မာထွန်းက အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရေးကိစ္စကိုလည်းကောင်း၊ စည်းရုံးရေးဌာနကြီး ဒုတိယခေါင်းဆောင် တရားရုံးချုပ်ပြစ်မှုတရားစီရင်ရေးဌာန တွဲဖက်ညွှန်ကြားရေးမှူးဒေါ်သိန်းသိန်းညွန့်က အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း အသီးသီးဆွေးနွေးကြသည်။

ရင်းရင်းနှီးနှီးဆွေးနွေး

ထို့နောက် အခမ်းအနားကို ခေတ္တရပ်နားပြီး တက်ရောက်လာသူများက ကိုယ်စားပြုအဖွဲ့ဝင် ၃၀စီပါဝင်သော စားပွဲဝိုင်းအဖွဲ့ခြောက်ဖွဲ့ခွဲ၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကွင်းဆင်းလေ့လာရေးအဖွဲ့ဝင်များနှင့်ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာဆွေးနွေးမှုများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကွင်းဆင်းလေ့လာရေးအဖွဲ့သည် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ရိပ်သာ၌ တနင်္သာရီတိုင်းအမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များ၊ ခရိုင်နှင့်မြို့နယ်များမှအလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်ပိုင်းဆိုင်ရာကိစ္စရပ်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ စည်းရုံးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္မဋ္ဌာန်းကျောင်း ပန္နက်တင်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အင်းကန့်လန့်ကျေးရွာစိုက်ပျိုးမွေးမြူသမဝါယမကုမ္ပဏီလီမိတက် ဒူးဇစ်မင်းပရဆေးပျိုးဥယျာဉ်အနီး ကမ္မဋ္ဌာန်းကျောင်းဆောက်လုပ်မည့် မြေနေရာ၌ ပန္နက်တင်မင်္ဂလာပွဲ အခမ်းအနားကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က ကျင်းပရာ ကျေးရွာသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ပညာဝံသ၊ မဟာစည်နယ်လှည့် ဓမ္မကထိကများဖြစ်ကြသော ဘဒ္ဒန္တ ဣန္ဒြိယ(ရေစကြို)၊ ဘဒ္ဒန္တ သုန္ဒရ (ကျောက်တန်း)၊ ဘဒ္ဒန္တ ကဝိန္ဒ(သန်လျင်)နှင့်ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ကမ္မဋ္ဌာန်းကျောင်း ဒါယကာ တိုင်းရင်းမြန်မာသမားတော် ဦးလှသိန်းကျော်နှင့် ကမ္မဋ္ဌာန်းကျောင်းဖြစ်မြောက်ရေး အဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။ ကမ္မဋ္ဌာန်းကျောင်းဆောင်အတွက် လှူဒါန်းလိုသော ပုဂ္ဂိုလ်များသည် ဦးလှသိန်းကျော် အမှတ်၆၅ (၁၆၆) လမ်း၊ တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၂၇၇၁သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**(က-ပ)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ခုနှစ်၊ ဇန်နဝါရီလအတွက်

(၉-၁-၂၀၀၅)ရက်နေ့ နှင့်

(၃၀-၁-၂၀၀၅)ရက်နေ့

ဒီဇင်ဘာ ၂၄ ရက်က ကျင်းပသော အမက(၁၉)သာကေတ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ဘက်စုံထူးချွန်ဆု ခြောက်ဆုရ စတုတ္ထတန်းမှ မဆုဆုအောင်အား ကျောင်းအုပ်ဆရာကြီး ဦးသန်းညွန့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ထန်းတပင်မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး နွေစပါးစိုက်ပျိုးရေး၊ ရေလုံလောက်စွာပေးဝေနိုင်ရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်သို့သွားရောက်၍ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ညနေ ၄နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ငှက်သိုက်ကျေးရွာအနီး ရန်ကုန်-ပုသိမ်လမ်းမကြီးဘေးရှိ တောင်သူဦးချစ်စိန်၏ လယ်မြေသို့ရောက်ရှိလာပြီး လယ်မြေအတွင်း နွေစပါးပန်းတိုင်အထွက်နှုန်းရရှိစေရေး ဘဘာဝနှင့်ဓာတ်မြေဩဇာရောနှောကြဲပက်နေမှု၊ လယ်မြေ ၂၅ဧကအတွင်း လုံးသွယ်မွှေး၊ မော်ဘီဆန်းစသည့် အထွက်ကောင်းမျိုးကောင်းမျိုးသန့်စပါးမျိုးစိုက်ပျိုးဖြစ်ထွန်းနေမှု၊ ဒီဇယ်ဆီသုံးရေစုပ်စက်ဖြင့် ရေတင်၍ လယ်မြေအတွင်း စိုက်ပျိုးရေလုံလောက်စွာရရှိစေရေး ရေပေးဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပညာပေးဆောင်ရွက်ရေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက နွေစပါးပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်စေရေးအတွက် စိုက်စနစ်မှန်ကန်စေရေး၊ အထွက်ကောင်းမျိုးများ ရွေးချယ်စိုက်ပျိုးစေရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ပေါင်းစပ်သုံးစွဲစေရေးအတွက် စနစ်တကျပညာပေး ဆောင်ရွက်ရေးတို့ကို မှာကြားပြီး တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စိုက်ပျိုးထားပြီး

ရန်ကုန်မြောက်ပိုင်းခရိုင် အနေဖြင့် နွေစပါး ၁၆၈၂၈၁ဧက စိုက်ပျိုးရန်လျာထားသတ်မှတ်ထားရာ ယနေ့အထိ ၆၄၃၃၁ဧကစိုက်ပျိုးထားပြီး ရန်ကုန်တိုင်းအနေဖြင့် နွေစပါးဧက ၂၅၀၀၀၀ စိုက်ပျိုးရန်လျာထားသတ်မှတ်ထားရာ ယနေ့အထိ ၉၃၀၆၇ဧက စိုက်ပျိုးထားပြီး ဖြစ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် သံပုရာကုန်ကျေးရွာအနီးရှိ လယ်မြေ ၃၁ဧက တွင် မြင်းကောင်ရေ ၁၅ကောင်အားရှိ လျှပ်စစ်ရေတင်စက်တစ်လုံး၊ ၁၀ကောင်အားရှိ လျှပ်စစ်ရေတင်စက်တစ်လုံးနှင့် သုံးကောင်အားရှိ လျှပ်စစ်ရေတင်စက်နှစ်လုံးတို့ဖြင့် နွေစပါးစိုက်ဧကများအတွင်းစိုက်ပျိုးရေပေးဝေနေမှုအခြေအနေနှင့်လယ်မြေ ၃၁ဧကအတွင်း ရတနာအောင် စပါးမျိုးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ အနေဖြင့် နွေစပါး စိုက်ပျိုးရာသီကာလအတွင်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာအသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားကြရန်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ထန်းတပင်မြို့နယ်အတွင်း ဗိုလ်ချုပ်လမ်းနှင့် ကျွန်းငူကမ်းနားတို့ကို ဆက်သွယ်ထားသည့် အရှည် ပေ၇၇၀၀၊ အကျယ် ၁၂ ပေရှိ ဘုရင့်နောင်လမ်းကို အရှည်ပေ ၁၅၀၀ ကတ္တရာလမ်းခင်းကျင်းပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ပံ့ပိုးဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဘုရင့်နောင်လမ်းကို သတ်မှတ်ချိန်ထက် ဆောလျင်စွာဖြင့် အရည်အသွေးစံချိန်စံညွှန်းမီစွာ ပြီးစီးစေရေး ဆောင်ရွက်ကြရန် မှာကြားပြီး တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

နည်းလမ်းမျိုးစုံအသုံးပြု

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ကျွန်းငူလျှပ်စစ်မြစ်ရေတင်လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ထန်းတပင်မြို့နယ် ကုက္ကိုဝမြစ်မှ မြစ်ရေကို မြင်းကောင် ရေ ၄၀အားရှိ မော်တာနှစ်လုံး၊ ၇ဒသမ၇ ကျူ့ဆက် ပန့်နှစ်လုံးဖြင့် စုပ်ယူ၍ အကျိုးပြုဧက ၆၀၀ အတွင်း စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နွေစပါးစိုက်ပျိုးရာ သီကာလအတွင်း စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်ရေး နည်းလမ်းမျိုးစုံအသုံးပြုဆောင်ရွက်သွားကြရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၅ခုနှစ်(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
* ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်ကြီးကြပ်ဝန်ထမ်းများဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၀၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက်က ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁) သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စား အထွေထွေမန်နေဂျာ ဦးအောင်မြင့် တက်ရောက်အမှာစကားပြောကြားစဉ်။

(က-ပ)

■ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့သဝဏ်လွှာကိုတိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပသည့်(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကလေးပြိုင်ပွဲ စံပြကလေး၊စံပြမိခင် ဆုပေးပွဲအခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားပြီး တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများက ဆုရကလေးငယ်များနှင့် စံပြမိခင်များအား ဆုများချီးမြှင့်သည်။

ကျောက်ချောလမ်းဖွင့်

ယင်းနောက် တိုင်းမှူးသည် (၅၇) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပါရမီရပ်ကွက်ဗိုလ်ဗထူးလမ်း ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများက လမ်းဖွင့်လှစ်ပေးမှုကို ကြည့်ရှုအားပေးသည်။

ရခိုင်ပြည်နယ်

အလားတူ(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက် ၇နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကိုဖတ်ကြားသည်။

ထို့နောက် တိုင်းမှူးသည် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကလေးပြိုင်ပွဲတွင် ဆုရရှိကြသော ကလေးများနှင့် မိခင်များအား တိုင်းမှူး၏ ဇနီး ဒေါ်ကြည်ကြည်လှနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်မှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် စစ်တွေမြို့ စက်ရုံစုရပ်ကွက် အေးသာယာကိုယ့်အားကိုယ်ကိုး လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်၍ တာဝန်ရှိသူများက လမ်းသစ်ဖွင့်လှစ်ပေးမှုကို ကြည့်ရှုအားပေးသည်။

မုံရွာမြို့

ထို့အတူ(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ၄ရက်နံနက်ပိုင်းတွင် မုံရွာတပ်နယ်စစ်ရေးပြကွင်း၌ကျင်းပရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးတက်ရောက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် တိုင်းမှူးသည် မုံရွာတပ်နယ် တိုင်းအားကစားကွင်း၌ကျင်းပသည့် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲဆုပေးပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ပြိုင်ပွဲများအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများချီးမြှင့်ကြသည်။

မန္တလေးမြို့

အလားတူ(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက် ၇နာရီတွင် မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်တက်ရောက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆုချီးမြှင့်

ထို့နောက်တိုင်းမှူးသည် (၅၇) နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြေးခုန်ပစ်ပြိုင်ပွဲများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့် အတူ ဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။

အလားတူ မန္တလေးတိုင်း အတွင်းရှိ မြို့နယ်များ၌လည်း (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို မြို့နယ်များအလိုက် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပကြကြောင်း သိရှိရသည်။

တောင်ငူမြို့

ထို့အတူ(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက် ၇နာရီခွဲတွင် တောင်ငူမြို့ ပြည်သူ့အားကစားကွင်း၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့သဝဏ်လွှာကိုဖတ်ကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည့် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကလေးပြပွဲပြိုင်ပွဲ၊ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဆုရကလေးငယ်များအား တိုင်းမှူး၏ဇနီးဒေါ်စဝ်နွန်းခွန်ဆမ်နှင့်တာဝန်ရှိသူများကဆုများ ချီးမြှင့်မှုကို ကြည့်ရှုအားပေးသည်။

ပုသိမ်မြို့

အလားတူ ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက် ၄နာရီမိနစ်၂၀တွင် ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ ကျင်းပရာ အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ တက်ရောက်သည်။

နံနက်၇နာရီတွင်(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှပေးပို့သော (၅၇)နှစ်မြောက် လွတ်လပ်ရေး နေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ကြည့်ရှုအားပေးပြီး ဆုရရှိကြသူများအား တိုင်းမှူး၊ ဇနီးနှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်သည် ပုသိမ်မြို့အမှတ် (၄)ရပ်ကွက် တရုတ်ကျောင်းလမ်း၌ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကျင်းပသည့်ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍တာဝန်ရှိသူများ၏ လမ်းဖွင့်လှစ်ဆောင်ရွက်မှုကို ကြည့်ရှုအားပေးသည်။

မော်လမြိုင်မြို့

ထို့အတူ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်၄နာရီ မိနစ် ၂၀တွင် မော်လမြိုင်မြို့ မောရဝတီပန်းခြံလွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်တက်ရောက်သည်။

နံနက် ၇နာရီတွင် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားသို့တက်ရောက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် မော်လမြိုင်မြို့ ပြည်နယ်ခန်းမဆောင်၌ ကျင်းပသည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်စာစီစာကုံး၊ ကဗျာ၊ ကွန်ပျူတာပြိုင်ပွဲ ဆုရသူများနှင့် ပြည်နယ်ဂုဏ်ဆောင်သူများအား ဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ၃ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်မီးရထားဝင်းရှိ အမက(၂၃)၌ ပညာရေးစုံညီပွဲတော်တွင် တတိယတန်း၌ ဘက်စုံဒုတိယထူးချွန်ဆုရ မယုသက်ပိုင်အား ကျောင်းအုပ်ဆရာကြီး ဦးစန်းဝင်းက ဆုချီးမြှင့်စဉ်။

(က-ပ)

ဇန်နဝါရီ ၂ရက်က တာမွေမြို့နယ် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်ပညာရည်ချွန်ဆုပေးပွဲတွင် မြို့နယ်အဆင့်ဘာသာစုံ တတိယဆုရရှိသော စတုတ္ထတန်း(က)မှ မစန်းလှဲ့လှဲ့ချိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဆွေက ဆုချီးမြှင့်စဉ်။

(က-ပ)

သဘာဝဓာတ်ငွေ့သုံးယာဉ်များ တွင်ကျယ်လာတော့မည်

ဆွေသန့်ကို

“ပတ်ဝန်းကျင်အန္တရာယ်ကင်းပြီး ဈေးနှုန်းချိုသာသည့် သဘာဝဓာတ်ငွေ့လောင်စာ (CNG)ကို သုံးစွဲကြပါစို့”ဟူသော ခေါင်းစဉ်ဖြင့် ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၁၉ရက်နေ့ထုတ် သတင်းစာများတွင် ရေးသားထားသော နည်းပညာသုတေသီတစ်ဦး၏ ဆောင်းပါးကို ဖတ်ရှုလိုက်ရပါသည်။ ယင်းဆောင်းပါးကို ဖတ်ရှုပြီးနောက် သဘာဝဓာတ်ငွေ့လောင်စာ Compressed Natural Gas (CNG) ကို စိတ်ဝင်စားကာ လေ့လာလိုစိတ်များ ဖြစ်ခဲ့ရ၏။

ထို့ကြောင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ အကူအညီကိုရယူကာ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်များအဖြစ် ပြောင်းလဲတပ်ဆင်ပေးနေသည့် လှိုင်သာယာစက်မှုဇုန်နှင့် ရွှေပြည်သာစက်မှုဇုန်များသို့ မကြာသေးမီက သွားရောက်လေ့လာခဲ့သည်။ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့နှင့်အတူ လိုက်ပါ လေ့လာခွင့်ရခဲ့ခြင်းဖြစ်သည်။

စက်မှုဇုန်များသို့ ရောက်သည်နှင့် သဘာဝဓာတ်ငွေ့သုံးအင်ဂျင် တပ်ဆင်ထားသည့် မော်တော်ယာဉ်များကို တွေ့ရသည်။ ထိုယာဉ်များ မောင်းနှင်သရုပ်ပြသည်ကိုလည်း ကြည့်ခဲ့ရသည်။ တစ်မနက်လုံးနီးပါး ကြာအောင် လေ့လာခဲ့ခြင်း ဖြစ်သည်။ စမ်းသပ်မောင်းနှင်သည့် ယာဉ်အမျိုးအစားများကိုလည်း လေ့လာမှတ်သားခဲ့ရပါသည်။

သဘာဝဓာတ်ငွေ့သုံး ယာဉ်အမျိုးအစားများမှာ ဓာတ်ဆီသုံးယာဉ်နှင့် ဒီဇယ်သုံးယာဉ်တို့ ဖြစ်သည်။ ကနဦးအနေဖြင့် ဓာတ်ဆီသုံးယာဉ် ၁၄၆၇ စီး၊ ဒီဇယ်သုံးယာဉ် ၃၅၃၃ စီး စုစုပေါင်း အစီး ၅၀၀၀ ကို သဘာဝဓာတ်ငွေ့ဖြင့် အစားထိုး အသုံးပြုသွားမည်ဟု သိခဲ့ရသည်။

ဓာတ်ဆီသုံး ယာဉ်အမျိုးအစားအားလုံးအတွက် ၂၀၀၀ CC °Kit တစ်မျိုးတည်းသာ အသုံးပြုမည်ဖြစ်ကြောင်းလည်း မှတ်သားခဲ့ရသည်။

တစ်ဖန် ဒီဇယ်သုံးယာဉ်အမျိုးအစား ၆၀၀၀ CC အောက် ယာဉ်များဖြစ်သော Mitsubishi Canter 4D 32 ၃၄၄ စီး၊ Toyota Dyna 11B, 13B, 14B ၆၃၃ စီး၊ Minibus (အင်ဂျင်မျိုးစုံ)ကို အစီး ၃၂၀၊ Hino BMBus DM-100 အစီး ၃၂၀ စုစုပေါင်း ၁၃၇၇ စီးကို သဘာဝဓာတ်ငွေ့သုံး ယာဉ်များအဖြစ် ပြောင်းလဲအသုံးပြုသွားမည်ဟု သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်က ရှင်းပြသွားပါသည်။

ထိုမှတစ်ဆင့် ဒီဇယ်သုံး ၆၀၀၀ CC အထက် ယာဉ်အမျိုးအစားများတွင်လည်း သဘာဝဓာတ်ငွေ့များ အစားထိုးအသုံးပြုသွားမည်ဖြစ်ကြောင်း ဆက်လက် ရှင်းပြသည်။ သဘာဝဓာတ်ငွေ့များ အသုံးပြုမည့် ဒီဇယ်သုံး ၆၀၀၀ CC အထက် ယာဉ်အမျိုးအစားများတွင် Mitsubishi 6D 23 ၆၃၉ စီး၊ Nissan PE 6/PD6- ၁၀၃ စီး၊ Hino M10 u/Ho 76- ၃၄၁ စီး၊ Isuzu 6 QA ၃၄၄ စီး၊ Hyundai ၂၇၂ စီး၊ Daewoo ၁၁၅ စီးနှင့် မန္တလေးစက်မှုဇုန်မှ ၇၅ စီး၊ ရန်ကုန်စက်မှုဇုန်မှ အစီး ၁၀၀ စုစုပေါင်း ၂၁၅၆ စီး ပါဝင်မည်ဖြစ်ပြီး ဒီဇယ်သုံးယာဉ် စုစုပေါင်း ၃၅၃၃ စီး ဖြစ်ကြောင်း အသေးစိတ် ရှင်းပြသွားသည်။

သဘာဝဓာတ်ငွေ့သုံးယာဉ်တွင် သုံးစွဲပုံအပေါ် မူတည်၍ စနစ်လေးမျိုး အသုံးပြုနိုင်ကြောင်း၊ ယင်းစနစ်လေးမျိုးအနက် ပထမတစ်မျိုးမှာ ဓာတ်ဆီနှင့် သဘာဝဓာတ်ငွေ့ နှစ်မျိုးစလုံးအနက် တစ်ကြိမ်လျှင် တစ်မျိုးစီ အသုံးပြု၍ မောင်းနှင်ရသော Bi-Fuel System စနစ်ဖြစ်ကြောင်း၊ ယင်းစနစ်တွင် တစ်ကြိမ်လျှင် လောင်စာဆီတစ်မျိုးစီ အသုံးပြုနိုင်ရန် ခလုတ်တပ်ဆင်ထားကြောင်း၊ ဒုတိယတစ်မျိုးမှာ ဒီဇယ်နှင့် သဘာဝဓာတ်ငွေ့ နှစ်မျိုးစလုံးကို တစ်ပြိုင်တည်းအသုံးပြု မောင်းနှင်ရသည့် Duel-Fuel System စနစ်ဖြစ်ကြောင်း၊ ယင်းစနစ်တွင် သဘာဝဓာတ်ငွေ့ကုန်သွားပါက ဒီဇယ်ဆီတစ်မျိုးတည်းဖြင့် ဆက်လက်မောင်းနှင်နိုင်ကြောင်း၊ သို့သော် ဒီဇယ်ဆီကုန်သွားသည့်အခါမျိုးတွင် သဘာဝဓာတ်ငွေ့တစ်မျိုးတည်းဖြင့် မောင်းနှင်၍ မရကြောင်း၊ တတိယတစ်မျိုးမှာ သဘာဝဓာတ်ငွေ့ တစ်မျိုးတည်းဖြင့်သာ မောင်းနှင်အသုံးပြုရသော Dedicated Conversion System စနစ်ဖြစ်ကြောင်း၊ နောက်ဆုံးတစ်မျိုးမှာလည်း သဘာဝဓာတ်ငွေ့တစ်မျိုးတည်းဖြင့်သာ မောင်းနှင်ရသည့် Original Built- in CNG Vehicle ဖြစ်ကြောင်း၊ ထိုယာဉ်များမှာ မူလထုတ်လုပ်စဉ်ကတည်းက သဘာဝဓာတ်ငွေ့ဖြင့် အသုံးပြုရန် ပုံစံထုတ်ထားသည့် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်တပ်ဆင်ထားသော ယာဉ်များဖြစ်ကြောင်း ရှင်းပြသွားပါသည်။

သဘာဝဓာတ်ငွေ့(CNG)သုံး မော်တော်ကားများ စမ်းသပ်မောင်းနှင်နေသည်ကို ဤသို့တွေ့ခဲ့ရသည်။ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ရှင်းပြချက်များကို ဂရုတစိုက် မှတ်သားနားထောင်ရင်း အဘယ်ကြောင့် သဘာဝဓာတ်ငွေ့ကို ပြောင်းလဲအသုံးပြုရပါသနည်းဟု မေးခွန်းထုတ်ချင်မိလာသည်။ ထို့ကြောင့် မေးလိုက်ရသည်။

“ဒီလိုပါ၊ မျက်မှောက်ခေတ် နိုင်ငံအသီးသီးရှိ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများမှာ မော်တော်ယာဉ်များကို အများဆုံး အသုံးပြုနေရပါတယ်။ ဒါကြောင့် မော်တော်ယာဉ်တွေက ထုတ်လွှတ်ပြီး သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေတဲ့ ကာဗွန်မိုနောက်ဆိုဒ်၊ နိုက်ထရိုဂျင်အောက်ဆိုဒ်တွေရဲ့အန္တရာယ်ကို ရင်ဆိုင်နေကြရပါတယ်။ ဒီဓာတ်ငွေ့တွေဟာ ဖန်လုံအိမ်အဖြစ် ဖန်တီးပြီး ကမ္ဘာကြီးကို ပိုမိုပူနွေးလာစေရုံသာမက ဒီဓာတ်ငွေ့တွေကို ရှူရှိုက်ရခြင်းအားဖြင့် လူအများမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာနဲ့ အခြားဝေဒနာဆိုးများကို ခံစားသွားစေနိုင်ပါတယ်။ ဒါကြောင့် စက်မှုတိုးတက်တဲ့နိုင်ငံများမှာပဲဖြစ်ဖြစ်၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှာပဲဖြစ်ဖြစ် မော်တော်ယာဉ်တွေဆီက အန္တရာယ်ဖြစ်စေတဲ့ ဓာတ်ငွေ့များထုတ်လွှတ်မှု နည်းပါးအောင် သန့်ရှင်းတဲ့ လောင်စာခေါ်



သဘာဝဓာတ်ငွေ့ (CNG) သုံး မော်တော်ကားများအတွင်းပိုင်းကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

သဘာဝဓာတ်ငွေ့ကို ပြောင်းလဲ အသုံးပြုလာကြတာပဲ ဖြစ်ပါတယ်” ဟူ၍ ပြန်လည် ဖြေကြားသွားသည်။

အခြား မည်သည့်အကျိုးကျေးဇူးများရရှိနိုင်သေးသည်ကိုလည်း ဆက်လက် ရှင်းပြပါသေးသည်။

သဘာဝဓာတ်ငွေ့(CNG)သုံး မော်တော်ကားများကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ဖြစ်ကြောင်း၊ ကာဗွန်မိုနောက်ဆိုဒ်၊ နိုက်ထရိုဂျင်အောက်ဆိုဒ် ထွက်ရှိမှုကို သိသိသာသာကြီး လျှော့ချပေးနိုင်မည်ဖြစ်၍ သဘာဝပတ်ဝန်းကျင် သန့်ရှင်းမှုကို ပိုမိုအထောက်အကူပြုသည့် အကျိုးကျေးဇူးများ ရရှိလာနိုင်မှာ ဖြစ်ကြောင်းဖြင့် ထည့်သွင်း ပြောကြားသွားသည်။ ဆက်လက်၍ ရှင်းပြရာတွင်–

“နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်က မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံးယာဉ်များအဖြစ် အောင်မြင်အောင် ပြောင်းလဲတပ်ဆင်သွားဖို့ လမ်းညွှန်မှာကြားခဲ့တာပါ။ အခုဆို နိုင်ငံခြားငွေနဲ့ ဝယ်ယူနေရတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဆီတို့ကို အစားထိုးနိုင်တဲ့ သဘာဝဓာတ်ငွေ့ကို တွင်တွင်ကျယ်ကျယ် အသုံးပြုသွားနိုင်အောင် လက်တွေ့အကောင်အထည်ဖော်ပေးနေပါပြီ”

သဘာဝဓာတ်ငွေ့သုံးယာဉ်နှင့်ပတ်သက်၍ အဆိုပါတာဝန်ရှိ ပုဂ္ဂိုလ်၏ ရှင်းပြချက်များကို စာဖြင့် ရေးသားမှတ်တမ်းတင်လိုက်ရပါသည်။ နောက်ဆုံးအနေဖြင့် သိလိုသော အချက်တစ်ချက်ကို စကားမစပ် ကြားဖြတ်မေးမြန်းခဲ့ရပါသည်။

သဘာဝဓာတ်ငွေ့(CNG)ကို သုံးစွဲခြင်းအားဖြင့် မော်တော်ယာဉ် အင်ဂျင်သက်တမ်းအခြေအနေကိုပါ ဆက်လက်မေးမြန်းလိုက်ရပါသည်။

သဘာဝဓာတ်ငွေ့(CNG)သုံး မော်တော်ယာဉ်များကို သုံးစွဲခြင်းဖြင့် ငွေကြေးသက်သာခြင်း၊ အင်ဂျင်သက်တမ်းကြာရှည်ခြင်း၊ သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးကို အထောက်အကူပြုခြင်း၊ ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အလုံအလောက် သုံးစွဲရ၍ နိုင်ငံခြားမှ ဓာတ်ဆီ၊ ဒီဇယ်ဆီ မှာယူတင်သွင်းရမှု လျော့နည်းခြင်း ဟူသော အကျိုးကျေးဇူးများ ရရှိနိုင်ကြမည်။

ထိုသို့ရှင်းပြရာတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရန် နည်းလမ်းများ ရှာဖွေဆောင်ရွက်လျက်ရှိကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်မူ ဒီဇယ်ဆီနှင့်ဓာတ်ဆီများ လုံလောက်အောင် မထွက်ရှိသော်လည်း ကုန်းတွင်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သဘာဝဓာတ်ငွေ့များ ပမာဏကြီးမားစွာ ရှိနေပြီး အမြောက်အမြားထွက်ရှိနေကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများမှာ ဓာတ်ဆီနှင့် ဒီဇယ်ဆီသုံး ယာဉ်များကို သဘာဝဓာတ်ငွေ့ဖြင့် အစားထိုးနိုင်အောင် စီစဉ်နေရခြင်းဖြစ်ကြောင်း၊ ပြည်တွင်းက ထုတ်ယူရရှိသည့် သဘာဝဓာတ်ငွေ့များကို သုံးစွဲခြင်းဖြင့် ဓာတ်ဆီ၊ ဒီဇယ်ဆီ အသုံးပြုခြင်းထက် ငွေကြေးကုန်ကျမှုများစွာ သက်သာမည်

သဘာဝဓာတ်ငွေ့သည် အထက်က ရှင်းပြခဲ့သကဲ့သို့ ကာဗွန်မိုနောက်ဆိုဒ်၊ နိုက်ထရိုဂျင်အောက်ဆိုဒ်အန္တရာယ်မှ ကင်းဝေးနိုင်ကြောင်း၊ သန့်ရှင်းစွာ လောင်ကျွမ်းသော လောင်စာဖြစ်ကြောင်း၊ အင်ဂျင်မီးအား ပလပ်ကို ချေးမတက်စေကြောင်း၊ အင်ဂျင်ဝိုင်ချောဆီကို သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ကြောင်း၊ မကြာခဏ အင်ဂျင်ချိန်ညှိပေးရခြင်းမျိုး မရှိကြောင်း၊ သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များ၏ သက်တမ်းသည် ဓာတ်ဆီ၊ ဒီဇယ်ဆီသုံး အင်ဂျင်များ၏ သက်တမ်းထက် နှစ်ဆမှ သုံးဆအထိ ကြာရှည်ပါကြောင်း၊ သဘာဝဓာတ်ငွေ့အိုး ထုတ်လုပ်မှုကို သတ်မှတ်ထားသော လုံခြုံစိတ်ချရမှုစံနှုန်းများဖြင့် ထုတ်လုပ်ထားကြောင်း၊ များစွာစိတ်ချရကြောင်း၊ ကြိမ်ဖန်များစွာ ဓာတ်ငွေ့အသွင်း အထုတ် ပြုလုပ်စမ်းသပ်ခြင်း၊ မီးပုံထဲ ထည့်ခြင်းများ ပြုလုပ်လျှင် ပေါက်ကွဲမှု မဖြစ်စေကြောင်း၊ လုံခြုံရေးအဆို့မှ ဓာတ်ငွေ့ထွက်သွားခြင်းမျိုး မရှိကြောင်း၊ သာမန်အသုံးပြုသည့် ဖိအားထက် နှစ်ဆခွဲမှ သုံးဆခွဲအထိ ခံနိုင်ကြောင်း၊ သဘာဝဓာတ်ငွေ့အိုးများကို သုံးနှစ်တစ်ကြိမ်၊ သို့မဟုတ် ငါးနှစ်တစ်ကြိမ် ပြန်လည်စမ်းသပ် စစ်ဆေးသင့်ကြောင်း၊ သဘာဝဓာတ်ငွေ့ လှောင်ကန်၏ သက်တမ်းကို ၁၅ နှစ်အထိ သတ်မှတ်ထားသည့်နိုင်ငံများ ရှိကြောင်းဖြင့် ပြန်လည် ရှင်းပြသည်။

သဘာဝဓာတ်ငွေ့(CNG)သုံး မော်တော်ယာဉ်များကို သုံးစွဲခြင်းဖြင့် ငွေကြေးသက်သာခြင်း၊ အင်ဂျင်သက်တမ်းကြာရှည်ခြင်း၊ သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေးကို အထောက်အကူပြုခြင်း၊ ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အလုံအလောက်သုံးစွဲရ၍ နိုင်ငံခြားမှ ဓာတ်ဆီ၊ ဒီဇယ်ဆီ မှာယူတင်သွင်းရမှု လျော့နည်းခြင်းဟူသော အကျိုးကျေးဇူးများ ရရှိနိုင်ကြမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဇန်နဝါရီ ၄ ရက်က မြောက်ဥက္ကလာပ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲ၊ နံရံကပ်စာစောင် ပြပွဲနှင့် ဟောပြော ပွဲ အခမ်းအနားကို (ခ) ရပ် ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ရတနာဝင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို မြို့နယ် ဥက္ကဋ္ဌ ဦးမောင်ဝင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ရီရီရှိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

သမဝါယမဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရေနံချောင်းစက်မှုဇုန် စစ်ဆေး ယွန်းပညာကောလိပ် အဆောက်အအုံဆောက်လုပ်မှု ကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၆

သမဝါယမဝန်ကြီးဌာနဝန်ကြီး ရေနံချောင်းစက်မှုဇုန်တာဝန်ခံ ဗိုလ်မှူးကြီးဇော်မင်းသည် မကွေးတိုင်း သမဝါယမ ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ရေနံချောင်းစက်မှုဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မကွေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့လိုက်ပါလျက် ဇန်နဝါရီ ၃ ရက် မွန်းလွဲပိုင်းက ရေနံချောင်းစက်မှုဇုန်ပင်းနံ့သာ အထွေထွေ စက်မှုကုန်ထုတ် သမဝါယမအသင်းလီမိတက် ရွှေနဂါးစက်မှုလက်မှုလုပ်ငန်း၏ စတားမော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိပြီး Myanmar 90-1မော်တော်ဆိုင်ကယ်များထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ စက်မှုလုပ်ငန်းရှင် ဒေါ်ဝင်းမော်ထွန်းက Myanmar 90-1 စတားမော်တော်ဆိုင်ကယ် ၁၁၃ စီးထုတ်လုပ်ပြီးစီးမှုနှင့် ဆိုင်ကယ်အစီး ၆၀၀၀ ဆက်လက်ထုတ်လုပ်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်စပ်ဖြည့်ဆည်းပေး

ထို့နောက် စက်မှုဇုန်မှတာဝန်ရှိသူများက စက်သုံးဆီ ချွေတာရေးအတွက် CNG Kit တပ်ဆင်အသုံးပြုပြီး ဓာတ်ငွေ့ဖြင့် မောင်းနှင်နိုင်မည့်မော်တော်ကား အင်ဂျင် စမ်းသပ်တပ်ဆင်အသုံးပြုနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းများတိုးတက်အောင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကိုဆက်စပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် အဖွဲ့ဝင်များလိုက်ပါလျက် အဆိုပါစက်မှုဇုန်ရှိ မြန်မာ့မိတ်ဆွေသုံးဖော် ပြိုင်မြင်း (RASE HORSE) သုံးဘီးမော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိပြီးသုံးဘီးမော်တော်ဆိုင်ကယ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ခံ ဦးလှအောင်က သုံးဘီးမော်တော်ဆိုင်ကယ်၂၁၂စီးဖြန့်ဖြူးပြီးစီးမှု၁၁၇စီးထုတ်လုပ်ပြီးစီးမှုနှင့် အစီး၁၃၀၀ ထပ်မံထုတ်လုပ်ရန်ဆောင်ရွက်နေမှုအခြေအနေများကိုရှင်းလင်းတင်ပြပြီး ဝန်ကြီးက တင်ပြချက်များအပေါ် ဆက်စပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၄ ရက် မွန်းလွဲပိုင်းတွင် ပုဂံ-ညောင်ဦးမြို့ ယွန်းပညာကောလိပ်သို့ရောက်ရှိပြီး အဆောက်အအုံများ ဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာတာဝန်ခံ အင်ဂျင်နီယာဦးတင်ရွှေနှင့် လက်ထောက် ကျောင်းအုပ်ကြီး ဦးယုသိန်းတို့က မြေတိုက်ဆောင် ၇၅ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးမှုနှင့် အလုပ်ရုံရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယွန်းပညာကောလိပ်

ထို့နောက် ဝန်ကြီးသည် ယွန်းပညာကောလိပ် စာသင်ဆောင်(၁)နှင့် (၂)တို့ရှိ သင်ထောက်ကူ စာသင်ခန်းများ၊ လက်တွေ့ခန်းများကို ကြည့်ရှုစစ်ဆေးပြီးကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် လက်မှုအနုပညာ ပစ္စည်းအရောင်းခန်းမ၌ ယွန်းထည်ပစ္စည်းနှင့် အနုပညာဆိုင်ရာ ပစ္စည်းများခင်းကျင်းပြသရောင်းချမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီးတိုးချဲ့ပြသရောင်းဝယ်နိုင်ရေးအတွက်ဆောင်ရွက်သွားရန် မှာကြားသည်။ **(သတင်းစဉ်)**

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၆

မင်းကွန်းတောင်ရိုးဓမ္မစေတီကျောင်းတိုက်ဓမ္မစေတီဆရာတော် ဘဒ္ဒန္တနာဂိန္ဒာလင်္ကာရ(သာမဏေကျော်၊ ဓမ္မာစရိယပါဠိပါရဂူ ဝိသိဋ္ဌဝိနယ အင်္ဂုတ္တရနိကာယဝိသိဋ္ဌဝိနယဓရဝိနယ ဓရအဂ္ဂဓမ္မာစရိယ ဥဘတောဝိဘင်္ဂကောဝိဒ မလွန်ဓမ္မကထိက) အရှင်သူမြတ်သည် ဇန်နဝါရီ ၁၊ ၂ရက်တွင် ဟုမ္မလင်းမြို့၊ ၃ရက်တွင် ဘိုကုန်းမြို့၊ ၄၊၅ရက်တွင် ဟုမ္မလင်းမြို့၊ ၇ရက်မှ ၁၀ရက်အထိမင်းကွန်း၊ ၁၁၊၁၂ရက်တွင်အောင်လံမြို့၊ ၁၃၊ ၁၅ရက်တွင် ပန်းတောင်းမြို့၊ ၁၆ရက်တွင် ကွင်းလှ၊ ၁၈မှ ၂၉ရက်အထိဖောင်တော်ဦးဘုရား မန္တလေးမြို့၊ ၃၀၊ ၃၁ရက်တွင် သုမနဓမ္မဗိမာန်သာကေတမြို့တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြား ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

၂၀၀၅ ခုနှစ် ဇန်နဝါရီ ၉ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီ တွင် အင်းစိန်မြို့နယ် အောင်ဆန်း မြို့ စဥ့်ကူရပ်တောရတပ်ဦးကျောင်း တိုက်(မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ-၇၇)၌ကျင်းပမည့် လေးမျက်နှာ မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားသို့ အသင်းဝင်များ၊ ရန်ကုန်ရောက်လေးမျက်နှာမြို့နယ်သူမြို့နယ်သားများမပျက်မကွက်တက်ရောက်ကြရန်နှင့်အလှူငွေကို အသင်းဥက္ကဋ္ဌ ဗိုလ်မှူးဗထွေး (ငြိမ်း)ဖုန်း-၆၉၉၀၀၃၊ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ဇော် ဖုန်း-၂၈၅၃၂၂နှင့် အတွင်းရေး မှူးများဖြစ်ကြသည့် ဦးမောင်မောင်သွင် ဖုန်း-၅၁၃၄၃၈၊ ဦးတင်းစိုး ဖုန်း-၅၂၆၀၀၆၊ ဦးဘိုစိန် ဖုန်း-၅၂၇၆၉၇ တို့သို့ ဆက်သွယ်လှူဒါန်းပေးပို့ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ၃ရက်က အမက(၁၂) တာမွေ၏ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံ ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပရာ ပညာရေးမိသားစုအဆင့် ဘာသာစုံ ပထမဆုရ တတိယတန်းမှ မောင်ဖေမြတ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီသိန်းကဆုချီးမြှင့်စဉ်။

(က-ပ)

မြောက်ဥက္ကလာပ အထက(၁)အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၆

မြောက်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသားဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၁၅ရက် မွန်းလွဲ၁နာရီတွင် မြောက်ဥက္ကလာပမြို့နယ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာ၊ ဆရာမများကို ဖိတ်စာများပေးပို့လျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဦးချိုအေး၊ ဦးအေးကို ဖုန်း-၆၉၉၅၁၁၊ ၆၉၉၅၁၈၊ ဦးအောင်ကြည်မြင့် ဖုန်း-၆၉၉၁၂၃၊၂၅၆၃၉၉၊ ဦးတင်ထွန်း ဖုန်း-၆၉၉၃၉၃၊ ဦးကျော်ဆန်းထွန်း ဖုန်း-၇၀၀၁၆၄၊ ဦးဆုတင် ဖုန်း-၃၇၁၂၇၇၊ ၃၈၀၄၉၉ နှင့် ဒေါ်ခင်မမကြီး ဖုန်း-၆၉၉၃၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမေ့နို့ဖိုး ဇာတ်ကား တစ်ကျော့ပြန်ရုံဝင်လာ ပြသဆဲ မြန်မာဇာတ်ကားများဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၆

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ အကယ်ဒမီပူပူနွေးနွေးရရှိထားသော အမေ့နို့ဖိုး ဇာတ်ကား ရွှေ့ဆောင်ရုံတွင် တစ်ကျော့ပြန် ရုံဝင်လာသည်။

ရုပ်ရှင်သတင်းထောက်

ဒါရိုက်တာခင်မောင်ဦး၊ စိုးသိန်း ထွဋ်ရိုက်ကူးပြီး ရာဇာနေဝင်း၊ ခန့်စည်သူ၊ ထက်ထက်မိုးဦးတို့ ခေါင်းဆောင်ပါဝင်ထားသော **လက်တွဲဖော်** ဇာတ်ကား သမ္မတနှင့် သွင် အဆင့်မြင့်ရုံများတွင် ဆက်လက်ပြသနေသည်။

မင်္ဂလာ အဆင့်မြင့်ရုံတွင် ဒါရိုက်တာ Roland Emmerich ရိုက်ကူးပြီး Dennis Quaid, Jake Gyllenhaal တို့ပါဝင် သရုပ်ဆောင်ထားသော The Day After To-morrow ဇာတ်ကား ရုံဝင်လာသည်။ အမျိုးသားရုပ်ရှင်မှ ဒါရိုက်တာ ကျော်သူရိုက်ကူးပြီး ကျော်သူ၊ မင်းမော်ကွန်း၊ မင်းခ၊ ဇော်ဦး၊ ထွန်းအိန္ဒြာဗို၊ လှမျိုးသဉ္ဇာနွယ်၊ ဆုပန်ထွာတို့ ပါဝင်သရုပ်ဆောင်ထားသော **အမေ့နို့ဖိုး** ဇာတ်ကား ရွှေ့ဆောင်ရုံတွင် တစ်ကြော့ပြန်ရုံဝင်လာသည်။

နေပြည်တော်ရုံတွင် The Chronicles of Riddick ဇာတ်ကား ဆက်လက် အောင်ပွဲခံ ပြသနေသည်။



'အချစ်ရဲ့နယ်စပ် အမုန်းရဲ့မြို့ရိုး' ဇာတ်ကားမှ နဝရတ်။

မြို့မတန်းမြင့်ရုံတွင် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကား AAN ဇာတ်ကားပြသနေသည်။ ရွှေဂုန်အဆင့်မြင့် ရုပ်ရှင်ရုံတွင် မင်းသား Shah Rukh Khan, Kareena Kapoor တို့ပါဝင်သရုပ်ဆောင်ထားသော Asoka ဇာတ်ကားရုံဝင်လာသည်။

နဝဒေးရုပ်ရှင်ဥယျာဉ်တွင်လပ်ကီးပလေ့ ဗီဒီယို ထုတ်လုပ်ဖြန့်ချိရေးမှ ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူးပြီး နေအောင်၊ မင်းမော်ကွန်း၊ မို့မို့မြင့်အောင်၊ ချစ်စနိုးဦး၊ ထွန်းထွန်းဝင်း၊ လူမုန်းတို့ပါဝင်သရုပ်ဆောင်ထားသော **ဖယောင်းတိုင်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား ရုံဝင်လာသည်။ **(မြန်မာ့အလင်း)**

လက်တွဲဖော် ဇာတ်ကားမှ ရာဇာနေဝင်းနှင့် ထက်ထက်မိုးဦး။

AAN ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

အချစ်ရဲ့နယ်စပ် အမုန်းရဲ့မြို့ရိုး

ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင်ရိုက်ကူးသည့် **အချစ်ရဲ့နယ်စပ် အမုန်းရဲ့မြို့ရိုး** ဇာတ်ကား ဇန်နဝါရီ ၁၄ ရက်တွင် ရုံဝင်လာမည်ဖြစ်သည်။ယင်းဇာတ်ကားတွင် ကျော်ရဲအောင်၊ ဒွေး၊ မင်းဟိဏ်း၊ အိန္ဒြာကျော်ဇင်၊ နဝရတ်တို့ ခေါင်းဆောင် ပါဝင်ထားကြသည်။**(မြန်မာ့အလင်း)**

သုံးခွမြို့နယ် တကောကျေးရွာ ဒေါ်အမာကြည် စာကြည့်တိုက်ဖွင့် အလှူရှင်များက ပရိဘောဂနှင့် စာအုပ်မျိုးစုံလှူဒါန်း

သုံးခွ ဇန်နဝါရီ ၅

သုံးခွမြို့နယ် တကောကျေးရွာမှ ဦးဆန်းအောင်နှင့်ဇနီး ဒေါ်အမာကြည်တို့က ဆောက်လုပ်လှူဒါန်းသည့် ကျပ်သိန်း ၂၀ တန် အဆောက်အအုံနှင့်စာအုပ်မျိုးစုံ ၂၆၁၁ အုပ်ပါရှိသော ဒေါ်အမာကြည် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် စာကြည့်တိုက်အလှူရှင် ဦးဆန်းအောင်နှင့် ဇနီး ဒေါ်အမာကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးက အမှာစကားပြောကြားပြီး စာကြည့်တိုက်အလှူရှင် ဒေါ်အမာကြည်က လှူဒါန်းရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့ ရွှေပင်ငွေပင် ဦးသန်းထွန်း မိသားစုက ကျပ်တစ်သိန်းတစ်သောင်းတန် စားပွဲ၊ ကုလားထိုင်များ၊ အထက(၂) ကမာရွတ် အကျိုးတော်ဆောင်များက စာအုပ်မျိုးစုံ ၇၀၀၊ ဗိုလ်ကြီးကျော်သိန်းနှင့်ဇနီး ဒေါ်ခင်စန်းရီတို့က စာအုပ်မျိုးစုံ ၁၃၉ အုပ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် ဇနီး ဒေါ်မြသန်းတို့က စာအုပ်မျိုးစုံ ၁၀၀၊ သန်လျင်မြို့မှ ဦးတင်ထွေးနှင့် ဇနီး ဒေါ်စန်းမြင့်တို့က ကျပ်တစ်သောင်းခွဲတန် စာအုပ်စင်တစ်ခု၊ သုံးခွမြို့မှ ဦးငွေစိုးနှင့်ဇနီး ဒေါ်တင်တင်ဝင်းတို့က ကျပ်နှစ်သောင်းခွဲတန် ဗီရိုတစ်လုံး၊ ဦးမောင်မောင်လှနှင့် ဇနီး ဒေါက်တာဆွေဆွေမြင့်တို့က ကျပ်သုံးသောင်းတန် ဗီရိုတစ်လုံး၊ ဦးသောင်းထွန်းနှင့်ဇနီး ဒေါ်ခင်ရွှေတို့က လစဉ် သတင်းစာတစ်စောင်၊ ဦးကျော်လင်းနှင့် ဇနီး ဒေါ်ခင်စန်းနုတို့က လစဉ် သတင်းစာတစ်စောင် လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရမည်းသင်းမြို့နယ်၌ အလှူရှင်စက်ရေတွင်းနှင့် ကျောက်ချောလမ်းဖွင့်

ရမည်းသင်း ဇန်နဝါရီ ၃

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ကျောင်းဖြူကုန်းကျေးရွာ အလှူရှင် စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါစက်ရေတွင်းအနီး မုခ်ဦးတွင် ကျင်းပသည်။

အဆိုပါစက်ရေတွင်းမှာ နှစ်လက်မ စက်ရေတွင်းဖြစ်ပြီး အနက်ပေ ၂၈၀ ရှိကာ ရေထွက်နှုန်း တစ်နာရီ ဂါလန် ၈၀၀ ထွက်ရှိသည့် စက်ရေတွင်းကို ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်နေ ဦးကျော်အောင်မိသားစုက အလှူငွေကျပ်ငါးသိန်း၊ နိုင်ငံတော်က ထောက်ပံ့ငွေကျပ် သုံးသိန်း စုစုပေါင်း ကျပ်ရှစ်သိန်းကုန်ကျခဲ့ကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီက ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော မြို့ပြစာတိုက်လမ်း ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို အဆိုပါလမ်းထိပ်မုခ်ဦးတွင် ကျင်းပသည်။ အဆိုပါလမ်းမှာ အရှည်ပေ ၁၃၆၀၊ အကျယ် ၁၂ ပေ ရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၃၀၀၈၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားများကို ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(နယ်စပ်/စည်ပင်)**

ကျောင်းကုန်းမြို့နယ်၌ ကျေးရွာစာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးဆွေးနွေး

ကျောင်းကုန်း ဒီဇင်ဘာ ၃၀

ဇမ္ဗူတလူကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ကြာဂရက်အုပ်စု ကြာဂရက်ကျေးရွာတွင် ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ဆွေးနွေးပြောကြား

အခမ်းအနားတွင် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က ကျေးရွာတိုင်းတွင် စာကြည့်တိုက်များ ထားရှိခြင်းဖြင့် ရရှိလာသည့် စာပေတန်ဖိုးများနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။ **(၂၆၅)**

ဖွံ့ဖြိုး စည်ပင် ကျေးလက် တစ်ခွင်

အင်္ဂပူမြို့နယ် မဲဇလီကုန်း အောင်ကျော် စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ကိုကျော်လင်း၊ ကိုကျော်စိုးနိုင် တို့က ၁၁၂၄၃၅ ကျပ်တန်ဖိုးရှိ စာအုပ်မျိုးစုံ ၁၆၅ အုပ်ကို စာကြည့်တိုက်မှူး ဦးစောဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (၁၃၁)

ခရမ်း-ပုဂံတောင် ကျေးလက်ဂဝံလမ်းနှင့် အောင်ဓမ္မရိပ်သာ ကတ္တရာလမ်းသစ်ဖွင့်

ခရမ်း ဇန်နဝါရီ ၄

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ခရမ်း-ပုဂံတောင် ကျေးလက်ဂဝံလမ်းနှင့် အမှတ်(၂) ရပ်ကွက်ရှိ အောင်ဓမ္မရိပ်သာ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က အဆိုပါလမ်း အသီးသီးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်

အခမ်းအနားတွင် ခရမ်း-ပုဂံတောင် ကျေးလက် ဂဝံလမ်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့် ပုဂံတောင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ အဆိုပါလမ်းမှာ အကျယ် ၁၀ ပေ၊ အရှည် ၁၇၃၆ ပေရှိပြီး ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၃၆၀၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖွင့်လှစ်

အလားတူ ခရမ်းမြို့ အမှတ်(၂) ရပ်ကွက်ရှိ အောင်ဓမ္မရိပ်သာ ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးချစ်သက်ဇော်နှင့် အမှတ်(၂)ရပ်ကွက် ဥက္ကဋ္ဌ ဦးအုန်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အကျယ် ၁၀ပေ၊ အရှည် ၃၆၁ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၈၀၀၀၀၀ နှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် ၅၄၀၀၀၀၊ စုစုပေါင်း ကုန်ကျငွေကျပ် ၂၃၄၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

လွတ်လပ်ရေးနေ့ဂုဏ်ပြု ပဲခူးမြို့နယ်၌ စက်ရေတွင်းဖွင့်

ပဲခူး ဇန်နဝါရီ ၅

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်ခဲ့သည့် ဗဟိုရ်စည်(၂)လမ်း စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီခွဲက အဆိုပါစက်ရေတွင်းအနီး မုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် အလှူရှင်ကိုယ်စား ဦးသော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စက်ရေတွင်းဖွင့်လှစ်

ထို့နောက် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်၊ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းနှင့် အလှူရှင်တို့က ရေပိုက်ခေါင်းများအား ဖွင့်လှစ်ပြီး စက်ရေတွင်းကို ဖွင့်လှစ်ပေးကြသည်။

တစ်နာရီ ရေဂါလန် ၁၅၀၀ ထွက်ရှိ

အဆိုပါစက်ရေတွင်းမှာ အလှူရှင် ဒေါ်ဒေစီက ငွေကျပ် ၁၅ ဒသမ ၅၄ သိန်းလှူဒါန်းငွေဖြင့် အနက်ပေ ၃၀၀ တူးဖော်ရာ တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ ထွက်ရှိကြောင်း သိရသည်။ (နယ်စပ်/စည်ပင်)

စက်ရေတွင်းဖွင့်

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းဘူးမြို့နယ် ရွာသာယာကျေးရွာ၌ နှစ်လက်မ အလှူရှင် စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က ကျင်းပစဉ်။ (နယ်စပ်/စည်ပင်)

ပြည်မြို့ ဇေတဝိကာရုံပါဠိတက္ကသိုလ် ကရဝိက်သက်န်းတိုက် ကျောင်းရေစက်ချလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ပြည်မြို့ ဗိုလ်ချုပ်လမ်း နိဗ္ဗာန်ကုန်နှင့် ကရဝိက်သက်န်းပရိက္ခရာတိုက်ကျောင်းအမကြီး ဒေါ်လှမြင့်၏ (၇၅)နှစ်မြောက် ဝိဇာတ မွေးနေ့မင်္ဂလာပွဲတွင် ဇေတဝိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်သာသနာ့လင်္ကာရသိရိန္ဒရ မဟာသဒ္ဓမ္မဇောတိက အလယ်တိုက်ကျောင်းတော်ကြီးကို ရေစက်ချလှူဒါန်းခြင်း၊ ပဓာနနာယကဆရာတော်၊ ဒုတိယ ပဓာနနာယကဆရာတော်၊ တိုက်အုပ်ဆရာတော်၊ စာချဆရာတော်လေးပါးတို့အား သိက္ခာထပ်ခြင်း၊ ပထမကြီးတန်း ရှင်ပဏ္ဍိတကို သိက္ခာတင်ခြင်း ဥပသမ္ပဒါဘိသေကမင်္ဂလာ၊ ပြည်မြို့ပေါ်ရှိ စေတီတော်၁၇ ဆူတို့အား ဗုဒ္ဓသန္တကအဖြစ် ဝတ္ထုငွေလှူဒါန်းခြင်း၊ ဇီဝိတဒါန မေတ္တာဆေးကုခန်းစသော အသင်းအဖွဲ့ ငါးခုတို့အား ဝတ္ထုငွေလှူဒါန်းခြင်း၊ ပင့်သံဃာတော် ၇၅ပါးတို့အား ဒါတဗ္ဗဝတ္ထုလှူဒါန်းခြင်း၊ သီလရှင်ဆရာကြီး၇၅ပါးနှင့် အဘိုးအဘွား ၇၅ယောက်တို့အား လှူဖွယ်ဝတ္ထုလှူဒါန်းခြင်း၊ ကျောင်းတိုက်တွင်းရှိ စာချစာသင်သံဃာတော်၅၀၀ကျော်နှင့် ပင့်သံဃာအရှင်သူမြတ်တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ၁၃၆၆ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက် (ဒီဇင်ဘာ၂၉ရက်)ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့သည်။ ပူဇော်ပွဲတွင် ဇေတဝိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလဇောတိ ဆရာတော်က အနုမောဒနာတရားတော်ဟောကြားပြီး ဥဒါန်းသား တို့အား ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။ **(က-ပ)**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကြက်တောင်ရိုက်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၆

(၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ကြက်တောင်ရိုက် အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၃၅)နှစ်မြောက် ငှက်ခါး မိသားစု ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၄ရက် ညနေပိုင်းက လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းရှိ အမျိုးသား ကြက်တောင်ရိုက် အားကစားခန်းမတွင် ကျင်းပသည်။

ဗိုလ်လုပွဲ ပွဲစဉ်များ အပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ကြက်တောင်ရိုက် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက အမှာစကားပြောကြားပြီး ငှက်ခါး ကြက်တောင် ကလပ်အသင်းခေါင်းဆောင် ဦးစိုးမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဆုများချီးမြှင့်ရာ မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ **(အပေါ်ပုံ)**က အကြီးတန်း ပြိုင်ပွဲဆုရရှိသူများအားလည်းကောင်း၊ ငှက်ခါး ကြက်တောင်ကလပ်အသင်း ခေါင်းဆောင် ဦးစိုးမြင့်က လူသစ်တန်း ပြိုင်ပွဲဆုရရှိသူများအား လည်းကောင်း အောင်နိုင်ဆုများ ချီးမြှင့်ပြီး တာဝန်ရှိသူများက သက်ငယ်တန်းပြိုင်ပွဲ၊ သက်လတ်တန်းပြိုင်ပွဲ ဆုရရှိသူများနှင့် အကောင်းဆုံး အားကစားသမားဆုရ အမျိုးသမီး အိန္ဒြေလှိုင်နှင့် အမျိုးသား ကောင်းဇော်နိုင်တို့အား ဆုများချီးမြှင့်သည်။ ထို့နောက် ဦးစိုးမြင့်က တက်ရောက်လာသော ဧည့်သည်တော်များနှင့် ဒိုင်အဖွဲ့အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီးက အာဆင်နယ်အသင်းကို ခုနစ်မှတ်အကွာတွင် ထားရစ်နိုင်ခဲ့ပြီ

လန်ဒန် ဇန်နဝါရီ ၆

အင်္ဂလိပ်ပရီမီးယားလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၂)ကို ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့ရာ ချယ်လ်ဆီးအသင်းက မစ်ဒယ်ဘရော့အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုးများကို ဒရော့ဘာက ၁၅မိနစ်တွင် တစ်ဂိုး၊ ၁၇မိနစ်တွင် တစ်ဂိုးသွင်းပေးခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ၂၂ပွဲ ကစားရာတွင် ၁၇ပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲသာအရှုံးရှိပြီး စုစုပေါင်းရမှတ် ၅၅ မှတ်ဖြင့် တန်းစီဇယားထိပ်တွင် ဆက်လက်ရပ်တည်လျက်ရှိသည်။ ချယ်လ်ဆီးတို့ နိုင်ပွဲများဆက်နိုင်သော်လည်း အာဆင်နယ်နှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ ယခုတစ်ပတ်တွင် သရေပွဲများနှင့်ကြုံတွေ့ခဲ့ရသည်။

ဟိုက်ဘူရီကွင်း၌ ကစားခဲ့သည့် အာဆင်နယ်-မန်စီးတီးပွဲသည် တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုးစီသာ အပြန်အလှန်သွင်းနိုင်ခဲ့ကြသည်။

အိုးထရက်ဖို့စ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် မန်ချက်စတာယူနိုက်တက်နှင့်တော့တင်ဟမ်ပွဲသည်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ပွဲသိမ်းခဲ့ရသည်။

ပွဲစဉ်(၂၂)ကစားပြီးချိန်တွင် အာဆင်နယ်က ၄၈မှတ်ဖြင့် ဒုတိယ၊ မန်ချက်စတာယူနိုက်တက်အသင်းက ၄၄ မှတ်ဖြင့် တတိယနေရာ၌ ဆက်လက်ရပ်တည်လျက်ရှိသည်။

ဘာမင်ဂမ်အသင်းနှင့် ဘော်လ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဘာမင်ဂမ်က တစ်ဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်သွားခဲ့သည်။

ဂွတ်ဒစ်ဆွန်ပတ်ခ်၌ယှဉ်ပြိုင်ကစားသည့် အယ်ဗာတန်နှင့်ပို့စမောက်ပွဲတွင် အယ်ဗာတန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ဆောက်သမ်ပတန်အသင်းနှင့်ဖူလ်ဟမ်အသင်းတို့သည် စိန့်မာရီကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်သုံးဂိုးစီ အပြန်အလှန်သွင်းယူခဲ့ကြသည်။

အင်္ဂါနေ့က ချယ်လ်ဆီးအသင်းသည် မစ်ဒယ်ဘရော့အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက် အာဆင်နယ်အသင်းကို ခုနစ်မှတ်အကွာတွင် ချန်ထားနိုင်ခဲ့ပြီဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

မန်ယူနှင့် တော့တင်ဟမ်ပွဲတွင် မန်ယူတိုက်စစ်မှူး ခရစ္စတီယာနို ရိုနာလ်ဒိုက ထိုးဖောက်သယ်ယူလာစဉ်။

(ဓာတ်ပုံ-အေအက်ဖ်ပီ)

ရီးရဲမက်ဒရစ်၏မန်နေဂျာသစ် နိုင်ပွဲအိပ်မက်စတင်နိုင်ခဲ့

မက်ဒရစ် ဇန်နဝါရီ ၆

စပိန်လာလီဂါပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းနှင့်ရီးရဲဆိုစီဒက်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရီးရဲမက်ဒရစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းအတွက် ဇီဒန်း၏အနိုင်ဂိုးဖြင့် မန်နေဂျာသစ် လူဇင်ဘာရီ၏ အိပ်မက်ကို စတင်ဖွင့်ပေးလိုက်ပြီဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် ယင်းပွဲအနိုင်ရခဲ့၍ တတိယနေရာသို့ပြန်လည် တက်ရောက်နိုင်ခဲ့သည်။ ဒုတိယနေရာရောက် ဗလင်စီယာအသင်းနှင့် အမှတ်တူရရှိထားသည်။ **အမ်အင်အေ၊ရိုက်တာ။**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် သမဝါယမဦးစီးဌာန အားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု အားကစားလှုပ်ရှားမှုနှင့် ဒီဇင်ဘာလအားကစားလှုပ်ရှားမှုကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဆိပ်ကမ်းသာလမ်းထောင့်ရှိ သမဝါယမဝန်ကြီးဌာနတွင်အမျိုးသားအမျိုးသမီးလွန်ဆွဲပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အမျိုးသားအမျိုးသမီးအလံကိုင်လက်ဆင့်ကမ်းပြေးပွဲ၊ အမျိုးသားအမျိုးသမီးအပ်နဖားထိုးပွဲ၊အမျိုးသမီး(သက်ကြီး)ဖယောင်းတိုင်မီးထွန်းပြေးပွဲ၊ အမျိုးသမီးဆန်ကောရွက်ပြေးပွဲ၊ ပင်ပေါင်သီးဇွန်းကိုက်ပြေးပွဲ၊အမျိုးသားအမျိုးသမီးဂဏန်းပေါင်းစက်သုံး ဂဏန်းပေါင်းပြိုင်ပွဲနှင့်အလွတ်တန်းစစ်တုရင်ပြိုင်ပွဲများကိုစည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်ဝန်ထမ်းများအား ဗလာမရှိ ကံစမ်းမဲနှိုက်၍ ကံစမ်းပွဲပြုလုပ်ပြီး ကံထူးရှင်များနှင့် အားကစားပြိုင်ပွဲများတွင်ဆုရရှိသူများကို သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးစိုးဝင်း **(အပေါ်ပုံ)**၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းနှင့် ညွှန်ကြားရေးမှူးများက ဆုများချီးမြှင့်ပေးအပ်ကြသည်။ **(မြန်မာ့အလင်း)**

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်လားရှိုးဂေါက်ကွင်း၌ကျင်းပမည်

GRAND ROYAL SPECIAL RESERVE Golf Championship

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် International Beverages Trading Co., Ltd. နှင့် HAN Event Managementတို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship 2004-2005)တတိယပွဲစဉ်ကို ဇန်နဝါရီ ၉ရက်တွင် လားရှိုးမြို့ လားရှိုးဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပတ်လည်ပြိုင်ပွဲ

အဆိုပါပြိုင်ပွဲတွင် အပျော်တမ်းအဆင့် ဂေါက်သီးရိုက်အသင်းများမှ ဂေါက်သီးရိုက်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အားကစားသမားများနှင့် မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သူများ ယှဉ်ပြိုင်ခွင့်မပြုပေ။ ပြိုင်ပွဲကို စိန့်အင်ဒရူးဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာကျင့်သုံးပြီး အချက်အကျောပေးပြိုင်ပွဲ System 36 ပုံစံဖြင့် ကျင်းပမည်ဖြစ်သည်။

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်တွင် ဆုများချီးမြှင့်မည်ဖြစ်ရာ ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အနီးဆုံးရိုက်ချက်ဆု၊ အဝေးဆုံးရိုက်ချက်ဆု၊ Most Par ဆု၊ Most Birdies ဆုနှင့် နှစ်သိမ့်ဆု ၁၀ ဆု ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် Hole-In-One ဆုရရှိကြသူများအား ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ရွှေပြားဆုတံဆိပ်ချီးမြှင့်မည်ဖြစ်သည်။

ယှဉ်ပြိုင်ခွင့်

ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် လားရှိုးဂေါက်ကွင်း၌ အမည်စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ တတိယပွဲစဉ်မှ အကောင်းဆုံးဂေါက်သီးရိုက်အားကစားသမားလေးဦးသည် ပထမပွဲစဉ်မှ အကောင်းဆုံးဂေါက်သီးရိုက်အားကစားသမား လေးဦး၊ ဒုတိယပွဲစဉ်မှ အကောင်းဆုံးဂေါက်သီးရိုက်အားကစားသမား လေးဦးတို့နှင့်အတူ ၂၀၀၅ ခုနှစ် မတ် ၆ ရက်၌ မြို့တော်ဂေါက်ကွင်းတွင်ကျင်းပမည့် Final Round ပွဲစဉ်တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ဝိုင်းဝန်းပံ့ပိုး

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲကို Cosponsors များဖြစ်ကြသော Air Mandalay, Popa Aqua, Crusher Club Soda, Ping နှင့် Traders Hotel တို့ကဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြို့တော်ဂေါက်ကွင်း၌ တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်သည် ကစားဖော်များဖြစ်ကြသော ဦးစိုးဝင်း၊ ဦးကျော်ဇင်၊ ဦးလှသိန်းနှင့်ဦးမြင့်စိုးတို့နှင့်အတူ ဇန်နဝါရီ ၂ရက် ညနေပိုင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း (ငွေသော်တာကွင်း)၌ ဂေါက်သီးရိုက်ကစားရာ EV-03ဘောလုံးကို Callaway Wood-7 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ ကိုက် အကွာအဝေးရှိ ကျင်းအမှတ်ငါးသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သတင်းရရှိသည်။ **(က-ပ)**

ဇန်နဝါရီ ၂ရက်က သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း အမှတ်(၅) ပရိဘောဂစက်ရုံတွင် မီးသတ်မွမ်းမံ သင်တန်းဖွင့်ပွဲ၌ စက်ရုံမှူးက အမှာစကားပြောကြားစဉ်။ (က-ပ)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုခြင်း

၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က
ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အင်းစိန်လမ်း၊
အမှတ်(၂၇)နေ

Peace Co., Ltd ၏ မန်နေဂျင်းဒါရိုက်တာ

ဦးထွန်းလင်း အား

သီရိသုဓမ္မမဏိဓဇာဘွဲ့ တံဆိပ်တော်

ချီးမြှင့်အပ်နှင်းသည့်အတွက်
လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုအပ်ပါသည်။
ဆက်လက်၍ နိုင်ငံနှင့်လူမျိုးအကျိုး တိုးမြှင့်ဆောင်ရွက်နိုင်ပါစေကြောင်းနှင့်
မိဘဆရာသမား၊ မိသားစု၊ ဆွေမျိုးမိတ်သင်္ဂဟ၊ ဝန်ထမ်းများအပေါ်
တာဝန်ကျေပွန်သူအဖြစ် အစဉ်သယ်ပိုးနိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မောင်မောင်ညွန့်၊ စံလင်းထက်၊ လှရီ၊ မင်းဆောင်၊
ကိုကိုကြီး၊ ရန်အောင်၊ သိန်းဝင်း။

ကားပျောက်ကြော်ငြာ ဒေါ်မြကျင် ပိုင်ဆိုင်သော ၈က/၅၁၅၉ ဒတ်ဆန်း အမျိုးအစား မော်တော်ယာဉ်သည် ၂၀-၁၂-၂၀၀၄ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် ၎င်းကားအား လက်ဝယ်ထားရှိသူအားအရေးယူမည်ဖြစ်ကြောင်း ကြော်ငြာ အပ်ပါသည်။

ဒေါ်မြကျင်- A.B. ၀၂၉၁၅၀
အမှတ် (၉)က၊ နိဗ္ဗာန်လမ်း၊ ကြည့်မြင်တိုင်။

စစ်ပြီးခေတ် ရန်ကုန်ဟိုက်စကူးကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ကျင်းပမည့်နေ့ - (၁၆-၁-၂၀၀၅)ခုနှစ်၊ တနင်္ဂနွေနေ့
ကျင်းပမည့်အချိန် - နံနက် (၉) နာရီ
ကျင်းပမည့်နေရာ - အထက(၁) လသာ
အာသီသ - သူငယ်ချင်းများ ပြည့်ပြည့်စုံစုံ နွေးနွေး ထွေးထွေး တွေ့ဆုံလိုပါသည်။

အမြန်ပြန်လာပါ

သီတာ မိဘများနှင့်မောင်နှမများ စိတ်ပူနေပါသည်။ အမြန်ပြန်လာပါ။

မမကြီး/ပုံ့ပုံ့။

မင်္ဂလာပွဲ ဖျက်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်း၊မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီ ၄လမ်း၊ အမှတ် ၂၅၈နေ ဒေါ်ရွှေဇင်၏သမီး၊ ကျွန်ုပ်၏မိတ်ဆွေ မဒါလီ ၁၂/ဥကမ(နိုင်) ၁၉၀၀၄၀နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)နေ ဦးလှဆောင်-ဒေါ်အမာကြူ တို့၏သား မောင်မြတ်သူထိုက် ၁၂/ဒဂရ(နိုင်) ၀၀၅၀၅၉ တို့သည် ၅-၁၂-၂၀၀၄ ရက်တွင် နှစ်ဖက်မိဘတို့စေ့စပ်ကြောင်း လမ်းခြင်း ပြုလုပ်ထားကြပါသော်လည်း မောင်မြတ်သူထိုက်၏ ခွင့်မလွှတ်နိုင်သော ပြောဆို ဆက်ဆံမှုများကြောင့် ၉-၁-၂၀၀၅ ရက်တွင် ကျင်းပပြုလုပ်မည့် မင်္ဂလာဆောင်ခံပွဲကို ဖျက်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မေသိန်း
တရားရုံးချုပ်ရှေ့နေ(၂၁၅၄)
၄၆(ပ)ထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ပြည်လမ်း၊ ခြောက်မိုင်ခွဲ၊ ဆင်ဖြူရှင်ရိပ်သာနေ
ဒုတိယဗိုလ်မှူးကြီးရဲလွင်(ငြိမ်း)(အကြံပေးပုဂ္ဂိုလ်၊ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး၊
ကာကွယ်ရေးဝန်ကြီးဌာန)-ဒေါ်ညွန့်ညွန့်ကြည်တို့၏သား

မောင်ရဲမင်းဦး

B.E(Mechanical), M.O.T.First Class Part(A)
M.Sc (Mechanical),National University of Singapore

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ယုဇနလမ်းနေ
ဦးစောခွန်မြတ်[ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊မြန်မာ့သစ်လုပ်ငန်း]
(အထွေထွေမန်နေဂျာ၊Woodland Group of Companies)-ဒေါ်မြမြ
(ဒုတိယအထွေထွေမန်နေဂျာ၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း)
တို့၏သမီး

ဒေါက်တာခင်ခင်ဆွေမြတ် M.B.,B.S (Ygn)

သုတေသနအရာရှိ၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)

တို့၏ ၁၀-၁၂-၂၀၀၄ရက် Sedona Hotel၌မင်္ဂလာမော်ကွန်းတင် ထိမ်းမြားလက်ထပ်ပေးပါသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာဦးတင်အောင်အေးနှင့်ဇနီး ဒေါ်ခင်ဝင်း၊ ၁၂-၁၂-၂၀၀၄ရက် သဒ္ဓမ္မရံသီရိပ်သာ၌ ကျင်းပပြုလုပ်သောမင်္ဂလာဦးဆွမ်းကျွေးသို့ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ ၄-၁-၂၀၀၅ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့်ဇနီးဒေါ်နီနီဝင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သိန်းထွန်းနှင့် ဇနီးဒေါ်မြမြဝင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ခြင်းနှင့်ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်၊ နယ်ဘက်မှ အကြီးအကဲများနှင့်ဇနီးများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားဖြစ်မြောက်အောင် မေတ္တာဖြင့်အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ရဲမင်းဦး-ဒေါက်တာခင်ခင်ဆွေမြတ်။

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်အသုံးပြုရန် လိုအပ်သော စက်များဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ သတင်းဖမ်းယူရေးနှင့် သတင်းတည်းဖြတ်ရေး စက်ပစ္စည်းများကို ဝယ်ယူလိုပါသည်-

(က)	DV Editing VCR (Rerorder) BR DV 6000 U(JVC)	4 Nos
(ခ)	DV Editing VCR(Player) BR DV 3000 U(JVC)	3 Nos
(ဂ)	Editing Controller RM-G 820(JVC)	5 Nos
(ဃ)	DV Tape DV 180 ME(SONY)	229 Nos

၂။ တင်ဒါပေးသွင်းမှုကို ၂၁-၁-၂၀၀၅ရက် ညနေ ၁၆:၃၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။ ဖုန်း-၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။

ASIA TECH ASIA TECH COMPUTER CENTRE

No.64, Shwe Taung Tan St., Lanmadaw Tsp., Yangon.

- Typing Tutor 15
- Office XP
- Creating Cards
- Adobe Photoshop 8.0
- Adobe PageMaker 7.0
- Web Design
- Using Internet & E-mail

15% Discount
15th Jan to 28th Feb

Call Now!
224864, 706696

15th Jan 05

ဝန်ထမ်းအလိုရှိသည်

၁။ Admin Manager ရန်ကုန်
၂။ Cashier
၃။ Admin Staff
Knowledge
Auto Gear

အင်းစိန် အထက(၃) အာစရိယပူဇော်

ရန်ကုန် ဇန်နဝါရီ ၆

အင်းစိန်မြို့နယ်အောင်ဆန်းမြို့ အထက(၃)ကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက်ပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက အငြိမ်းစားဆရာ ဆရာမ ၇၃ဦးတို့အား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

(က-ပ)

ဒီဇင်ဘာ ၂၈ရက်ကသာကေတမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ရာနှုန်းပြည့်ကွန်ဒုံးအသုံးပြုရေးစီမံချက် အသိပေးဆွေးနွေးပွဲပြုလုပ်ရာ မြို့နယ်ဆရာဝန်ကြီး ဦးခင်မောင်ဆွေက ပညာပေးဆွေးနွေးစဉ်။ (၁၀၂)

ဆရာငွေ အဝ်လိပ်စာသင်တန်း

Ph- 286371

SOLO

ပေါ်ဆန်းမွှေး ပေါ်ဆန်းသစ်

သမားတော်ကြီး ဒေါက်တာ

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ထုံးဘိုကြီးကျေးရွာမှ ကရင်ချောင်းကျေးရွာအထိ ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်သည့် လမ်းနေရာကို ဒီဇင်ဘာ ၃၁ ရက်က တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလွင်၊ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် အင်ဂျင်နီယာမှူး ဦးဌေးညွှန့်တို့က ရှင်းလင်းပြသကြစဉ်။ (မြို့နယ် စည်ပင်)

ဘုတလင်မြို့နယ်၌ ကျေးရွာစာကြည့်တိုက်နှင့် ခန်းမဖွင့် ပရိဘောဂနှင့် သုတ၊ ရသ စာအုပ်များ ပေးအပ်လှူဒါန်း

ဘုတလင် ဇန်နဝါရီ ၂

မန္တလေးမြို့ ၈၅ လမ်း မြန်မာ့ကျက်သရေတိုက် မုံရွာပွဲရုံနှင့် ဆီစက်ပိုင်ရှင် ဦးခင်မောင်နှင့်ဇနီး(ဒေါ်ခင်ကြည်) မိသားစုက လှူဒါန်းသည့် ဘုတလင်မြို့နယ် ပိုးကုန်းကျေးရွာ စိန်ဝဇီရာ ကျေးရွာစာကြည့်တိုက်နှင့် ကျေးလက်ခန်းမဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက်ရနာရီက ကျင်းပသည်။

စိန်ဝဇီရာကျေးရွာ စာကြည့်တိုက်နှင့် ကျေးလက်ခန်းမအား မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သန်းဝင်း၊ မြို့နယ်ဥက္ကဋ္ဌ မြတ်သိန်းထွန်းနှင့်အလှူရှင် ဦးခင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းကအဖွင့် အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးတင်သန်းဝင်းက ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရခြင်းနှင့်ကျေးလက်နေပြည်သူများစာပေလေ့လာရေးကိစ္စရပ်များဆွေးနွေးသည်။

ဆက်လက်ပြီး စိန်ဝဇီရာစာကြည့်တိုက်သို့ ပရိဘောဂများနှင့် စာအုပ်များ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်မြို့နေ ဦးမြင့်လှိုင်နှင့်ဇနီး ဒေါ်စန်းရီမိသားစုက သုတ၊ ရသ စာအုပ် ၇၂၅ အုပ် အပါအဝင် စုစုပေါင်းစာအုပ် ၁၃၈၃ အုပ်တို့ကို လှူဒါန်းကြသည်။

အဆိုပါစာကြည့်တိုက်နှင့်ကျေးလက်ခန်းမမှာ ကိုးပေ သုံးခန်းပတ်လည် အာရ်စီ တစ်ထပ်တိုက်ဖြစ်ပြီး ပရိဘောဂနှင့် မီးစက်အပါအဝင် စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၁၈၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်ကျောက်ချောလမ်း ဝမ်းတွင်းမြို့နယ်၌ ဖွင့် ငွေကျပ် ၂၈ သိန်းကျော် အကုန်အကျခံဆောင်ရွက်

ဝမ်းတွင်း ဇန်နဝါရီ ၂

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်ကုန်-မန္တလေးသွားလမ်းမကြီးနှင့် အုတ်ကန်ရွာ ဆက်သွယ်သော ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက်က အဆိုပါလမ်းမုခ်ဦးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးမင်းနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးစောထွန်းစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆောင်ရွက်

အဆိုပါ ကျေးလက်ကျောက်ချောလမ်းသည် အရှည်ပေ ၁၉၈၀၊ အကျယ် ၁၂ပေရှိပြီး ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေကျပ် ၂၈၇၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

တံတားဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျေးလက် ဥမှင်-ကြပ်ပြင် လမ်းကို ဒီဇင်ဘာ ၂၇ ရက်က စက်ယန္တရားဖြင့် မြေသားညှိခြင်းနှင့် မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။ (နယ်စပ်/စည်ပင်)

ပဲခူးမြို့ အင်းတကော်-အလိုင်နီ ဂဝံလမ်းဖွင့် ကျေးရွာပြည်သူများရာသီမရွေး ဆက်သွယ်သွားလာနိုင်ပြီ

ပဲခူး ဇန်နဝါရီ ၃

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အင်းတကော်-အလိုင်နီ ဂဝံ လမ်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါ လမ်းမုခ်ဦး၌ ဇန်နဝါရီ ၂ရက် နံနက် ၉ နာရီခွဲကကျင်းပရာ ပဲခူးတိုင်း စည်ပင် သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်၊ ပဲခူးခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့တက်ရောက် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် အမှုဆောင် အရာရှိက လမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အင်းတကော်-အလိုင်နီလမ်းအားယခင်နှစ်ဂဝံလမ်း ပေ၂၀၀၀၊ ယခုဘဏ္ဍာရေးနှစ်တွင် ပေ ၁၈၇၀ ကို တန်ဖိုးအားဖြင့် ၂၆ ဒသမ ၃၈ သိန်းအကုန်အကျခံဆောင်ရွက်ခဲ့ရာ အင်းတကော်-အလိုင်နီရွာသို့ ရာသီမရွေးဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်းသိရသည်။

(နယ်စပ်/စည်ပင်)

မိုးကောင်း-လွယ်လီယံလမ်း ကျောက်ချောလမ်းခင်း

မိုးကောင်း ဇန်နဝါရီ ၁

မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဒင်သည် မိုးကောင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့်အတူ ဒီဇင်ဘာ ၂၄ ရက်က မိုးကောင်း-လွယ်လီယံ ကျေးလက်လမ်းမှ အရှည်ပေ ၄၀၂၀၊ အကျယ် ၁၂ပေရှိ အပိုင်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၀၅ သိန်း အကုန်အကျခံ၍ ကျောက်ချောလမ်းအဖြစ် ခင်းကျင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့အား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်က ကျောက်များစုဆောင်းမှုနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုအခြေအနေကို ရှင်းလင်းတင်ပြရာခရိုင်ဥက္ကဋ္ဌက လမ်းကိုစံချိန်စံညွှန်း ကိုက်ညီစွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးရေး ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(၄၁၆)**

ဒီဇင်ဘာ ၆ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ လမိုင်း မြို့ဝင် ဆိုင်းဘုတ် ဆောင်ရွက်ထားရှိမှုကို ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံ ဦးခင်မောင်လွင်တို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)



မော်လမြိုင်ကျွန်းမြို့နယ်အောင်ရိပ်သာကတ္တရာလမ်းသစ်ဖွင့် ငွေကျပ် ၅၃ သိန်းကျော် အကုန်အကျခံ ဆောင်ရွက်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၄

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၈)ရပ်ကွက် အောင်ရိပ်သာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက်က အဆိုပါ လမ်းထိပ် မုခ်ဦးရှေ့တွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုအောင်က အမှာစကား ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ အင်ဂျင်နီယာက ကတ္တရာလမ်းသစ် ဆောင်ရွက်မှုနှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် အောင်ရိပ်သာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်အား မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် လမ်းကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အကုန်အကျခံ

အဆိုပါကတ္တရာလမ်းသစ်မှာ အလျားပေ ၃၀၀၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေကျပ် ၃၇၆၀၀၀၀၊ ပြည်သူများက ထည့်ဝင် ငွေကျပ် ၁၆၀၀၀၀၀ ပါဝင်သဖြင့် စုစုပေါင်း ငွေကျပ် ၅၃၆၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြသည်။

(မြို့နယ် စည်ပင်)

မော်လမြိုင်မြို့ ကျိုက်သလွံစေတီတော် ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်ရန်အတွက် ဒီဇင်ဘာ၉ ရက်က ပဌာန်းဓမ္မာရုံ၌ အလှူငွေ ပေးအပ်ပွဲကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်ထံ သို့ အလှူရှင် တောင်ကြီးမြို့ မြယမုံကုမ္ပဏီပိုင်ရှင် ဦးကျော်ဦး၊ ဦးချစ်စိန်မိသားစုက ငွေ ကျပ်သိန်း ၁၂၀ ပေးအပ်လှူဒါန်းစဉ်။ (၁၆၈)

စာအောင်လက်မှတ် ဆက်ကပ်လှူဒါန်း

ကျောက်မဲ ဇန်နဝါရီ ၂

(၂၇)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာပရိယတ္တိစာတော်ပြန်ပွဲ၊စာတော်မေးပွဲကို ကျောက်မဲမြို့ ကမ္ဘောဇ ရှမ်းကျောင်းတွင် ဒီဇင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပရာ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၇ ကျောင်းမှ သံဃာတော်၊ သာမဏေနှင့် သီလရှင် ၅၃၄ ပါး တို့ ဝင်ရောက်ဖြေဆိုတော်မူကြသည်။

ထို့နောက် စာအောင်သံဃာတော်များအား ကမ္ဘောဇရှမ်းကျောင်းတွင် ဆုနှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ စာအောင်သံဃာတော်၊ သာမဏေ ၄၃၄ ပါးနှင့် သီလရှင် ၂၆ ပါးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက အသီးသီး စာအောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(က-ပ)

(ဦးတင်ဝင်း) ဒဂုံ(တောင်)၊ အုပ်ချုပ်ရေးမှူးစည်ပင်(ငြိမ်း)အားရည်စူး၍ အမှတ် ၄၁၁၊ ၁၀ လမ်း၊ (၁၀)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်တင်အေးချိုမိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရပ်ရှင်သရုပ်ဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ပဲခူးတိုင်း(အနောက်ပိုင်း)အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

၂၀၀၄ခုနှစ် ပဲခူးတိုင်း(အနောက်ပိုင်း) အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က ပြည်မြို့ မြို့နယ် ဘောလုံးကွင်း၌ ကျင်းပသည်။

အမှာစကားပြော

အခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပထမဆုရရှိသည့် ပြည်ဇုန် ဘောလုံးအသင်း(ကျား)**(ယာပုံ)**၊ ဘော်လီဘော(ကျား၊မ)၊ ဘတ်စကက်ဘော(ကျား၊မ)၊ကြက် တောင်(ကျား၊မ)၊ ပိုက်ကျော်ခြင်း (ကျား)၊ ပြေးခုန်ပစ်(ကျား၊မ)၊ကြံ့ခိုင်စွမ်းရည်(ကျား၊မ)အသင်းများအား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ရေကြည်မြို့ ကျောင်းလမ်းကို ဒီဇင်ဘာ ၁၇ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူးဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိန်မှန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်သိန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

မြစ်ကြီးနားမြို့ မူလတန်းကြိုကျောင်း ကာယစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်

မြစ်ကြီးနား ဇန်နဝါရီ ၂

ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း ရင်သွေးငယ်ကလေးများ၏ ၂၀၀၄ခုနှစ် ကာယစွမ်းရည်ပြိုင်ပွဲ၊ အားကစားပြိုင်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ အဆိုပါကျောင်းတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၏ဇနီး ဒေါ်တင်တင်နွဲ့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကျောင်းသားကျောင်းသူ ရင်သွေး ငယ်ကလေးများက သတ်မှတ်ထားသည့် အားကစားနည်းအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆုချီးမြှင့်

ထို့နောက် ဆုရရှိကြသည့် ကလေးငယ်များကို တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်နွဲ့နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ညောင်လေးပင်မြို့နယ်တွင် ရွှေဝါထွန်းကတ္တရာလမ်းသစ်ဖွင့်

ညောင်လေးပင် ဇန်နဝါရီ ၂

(၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ရွှေဝါထွန်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က အဆိုပါ မုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိမ်းဌေးနှင့် အမှုဆောင်အရာရှိ ဦးမင်းလွင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၃၉၉၀၀၀၀ိ/ အကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မြို့ပြကတ္တရာလမ်းခြောက်လမ်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးလက်ဂဝံလမ်းတစ်လမ်း၊ မြေသားလမ်းတစ်လမ်း၊ ကျောက်ချောလမ်းတစ်လမ်း၊ကျေးရွာ ၂၁ ရွာတွင် လက်နှိပ်တုံကင်တွင်း ၂၁ တွင်း တူးဖော်ပေးခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

သန်လျင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ဦးစီး၍ စာပေဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က အထက (၁) ပတ္တမြားခန်းမ၌ ကျင်းပရာ စာရေးဆရာ မောင်မြင့်ကြွယ်က စာပေရေးရာများ ဟောပြောစဉ်။ (က-ပ)

တောင်ကြီးမြို့နယ် စဉ့်ဟယ်ကျေးရွာအုပ်စုအတွင်းရှိ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဒီဇင်ဘာ ၂၉ရက်က စဉ့်ဟယ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ တောင်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘခင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ဖျာပုံမြစ်အတွင်း ငါးမျိုးစိုက်ထည့်

ဖျာပုံ ဇန်နဝါရီ ၃

ဖျာပုံခရိုင်ငါးလုပ်ငန်း ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် ငါးမျိုးစိုက်ထည့်ပွဲကို ဒီဇင်ဘာ ၁၁ရက် နံနက် ၈နာရီက ဖျာပုံမြို့နယ် ရွှေရတုဧည့်ရိပ်သာ ကျောက်တိုင်ဆိပ်ကမ်း၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

ငါးမျိုးစိုက်ထည့်ပွဲတွင် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်နှင့် တက်ရောက်လာကြသူများက ဖျာပုံမြစ်အတွင်း ငါးမြစ်ချင်းကောင်ရေ ၂၅ သိန်းနှင့် ငါးခုံးမကြီးကောင်ရေ ၁သိန်းခွဲ စုစုပေါင်း ကောင်ရေ ၂၆၅၀၀၀၀ ကျော် ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၈-၁-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉:၄၅ အာဆီယံအစီအစဉ်
၁၀:၀၅ အာယုနှင့် သာဓုဆွေးနွေးခန်း
၁၀:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (ပျဉ်းမပင်စက်ရုံထုတ် စတီးလ်ချိုင့်နှင့် ကြော်လှော်ချက်ပြုတ်အိုးများအကြောင်း)
၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း (၁)ပိုလီယိုရောဂါကာကွယ်ပါ (ခေါင်းကြီး) (၂)မြူတိမ်ကင်းစင် အနာဂတ်ကောင်းကင်(ဆောင်းပါး)
၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၂:၁၀ ကလေးများအတွက် အင်္ဂလိပ်စာ
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အထူးအစီအစဉ်)

ညနေပိုင်း

၁၇:၀၀ ဆို၊ က၊ ရေး၊ တီးဆုရအစီအစဉ်
၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ဇရာအတွက်ဆေးတစ်ခွက်)
၁၈:၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (တေးပုလဲကိုဘမြင့်တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော မြတ်ဂုဏ်ရောင်တေးသစ်များ)
၂၀:၃၀ English Lesson Working Knowledge
၂၀:၄၅ တေးသံစုံ(မြန်မာ့အသံအဖွဲ့)

ခင်ဦးမြို့ အခြေခံပညာမူလတန်းလွန် နှစ်ထပ်ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

ခင်ဦး ဇန်နဝါရီ ၁

ခင်ဦးမြို့နယ် သာဝတ္တိကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းကို Japan Grassroots Grant Assistance နှင့် ကျေးရွာပြည်သူများ ပူးပေါင်းဆောက်လုပ်လှူဒါန်းသော ကျပ်၄၄၁သိန်းတန် နှစ်ထပ်ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ရက်က အဆိုပါ ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ဂျပန်သံရုံး ဒုတိယအတွင်းဝန် Mr. Tomozumi Yukoyama နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယကဦးစိန်ဝန်၊ မြို့နယ်ပညာရေးမှူးဒေါ်မိုးသန်း၊ ကျောင်းအုပ်ဆရာကြီး ဦးခင်ကိုကြီးနှင့် ရပ်မိရပ်ဖဥက္ကဋ္ဌဦးထွန်းငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ဂျပန်သံရုံး ဒုတိယအတွင်းဝန်က ကျောင်းဆောက်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြီး ကျောင်းအဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဒေါ်မိုးသန်းထံ လွှဲပြောင်းပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မိုင်းပျင်းမြို့မဈေး သန့်ရှင်းရေးဆောင်ရွက်

မိုင်းပျင်း ဇန်နဝါရီ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းပျင်းမြို့နယ်စည်ပင်သာယာရေး အဖွဲ့က အဖွဲ့ပိုင် မြို့မဈေးအတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှုနှင့် မြို့မဈေးအတွင်း ဈေးစည်းကမ်းနှင့်အညီ ရောင်းဝယ်ဖောက်ကားမှု အခြေအနေများကို ဒီဇင်ဘာ၂၀ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်စိုး၊ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးနေဦးနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်) ဝန်ထမ်းများက အလှူငွေကျပ်တစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အလုပ်အမှုဆောင် စာရေးဆရာမ ဒေါ်သန်းမြင့်အောင် (အမျိုးသားစာပေဆုရ)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က-ပ)

အဘိဓမ္မာစာမေးပွဲ ဒိုက်ဦးမြို့၌ ကျင်းပ

ဒိုက်ဦး ဇန်နဝါရီ ၂

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ နှစ်စဉ်ကျင်းပသော အဘိဓမ္မာစာမေးပွဲကို ဒိုက်ဦးမြို့ အမှတ်(၅)ရပ်ကွက် မဟာဝိဇိတာရာမ အလံပြ ကျောင်း၌ ဒီဇင်ဘာ ၁၈ရက်မှ ၂၀ရက်အထိ ကျင်းပခဲ့သည်။

ဝင်ရောက်ဖြေဆို

အဘိဓမ္မာစာမေးပွဲဖြေဆိုပွဲ တွင် အဘိဓမ္မာရိုးရိုးပထမအဆင့် ဖြေဆိုသူ ၄၉ဦး၊ ဒုတိယအဆင့်ဖြေ ဆိုသူ ၂၉ဦး၊ တတိယအဆင့် ဖြေဆိုသူ ၁၅ဦး၊ အဘိဓမ္မာ ဂုဏ်ထူးဆောင်တန်းတွင် ပထမအဆင့် ဖြေဆိုသူခြောက်ဦး၊ ဒုတိယအဆင့်ဖြေဆိုသူခြောက်ဦးနှင့် တတိယအဆင့် ဖြေဆိုသူ လေးဦးတို့ ဝင်ရောက် ဖြေဆိုကြသည်။

ကြီးကြပ်ဆောင်ရွက်ပေး

ထို့နောက် စာမေးပွဲကို မဟာဝိဇိတာရာမအလံပြကျောင်းတိုက်နာယက ဆရာတော် ဘဒ္ဒန္တ ကေသဝသာမိ၊ ဒိုက်ဦး မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးသန်းအေး၊ မြို့နယ်ဥပဋ္ဌာပက ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်မြင့် (ငြိမ်း)နှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးသိန်းကျော်နှင့်စည်ပင်ဝန်ထမ်းများ လမ်းပေါက်ဖာထေးမှုကို ဒီဇင်ဘာ၂၄ရက်က အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးဇော်လွင်တို့ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

လားရှိုးမြို့နယ် ကျေးရွာ စာကြည့်တိုက်ဖွင့်

လားရှိုး ဇန်နဝါရီ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုး မြို့နယ် လွယ်တောက်ကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က လွယ်တောက်ကျေးရွာအုပ်စု အခြေခံပညာ မူလတန်းကျောင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် အစိုးရကွန်ပျူတာ ကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်နန်းစိုးစိုးအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးမောင်မောင်အုန်းနှင့် လက်မှုလုပ်ငန်းပညာသင်ကျောင်း ကျောင်းအုပ်ကြီးဦးတိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အား စာအုပ်မျိုးစုံ အုပ်ရေ ၅၂၀ ဖြင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ (က-ပ)

သီပေါမြို့ အ.ထ.က ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့အ.ထ.ကမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ တို့သည် (၆၅)နှစ်နှင့်အထက် အသက်ထင်ရှား ရှိနေကြသေးသော ဆရာမကြီးဒေါ်စောမျိုးစစ်အား အမှူးထားလျက် ဆရာကြီး ဆရာမကြီး(၂၀)ဦးတို့ကို ၅-၂-၂၀၀၅ရက် (စနေနေ့) နံနက် ၉ နာရီအချိန် အ.ထ.က သီပေါမြို့တွင် အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်ပါသဖြင့် ကျင်းပရေးကော်မတီဝင်များထံသို့ ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်းနှင့် အာစရိယပူဇော်ပွဲသို့ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။
၁။ ဦးစိုင်းသာလှိုင် (အတွင်းရေးမှူး၊ သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) ဖုန်း-၀၈၂-၈၀၀၀၃။ ၂။ ဦးစိုင်းအုန်းကြွယ် ဖုန်း-၀၈၂-၈၀၃၈၉။ ၃။ဦးဘကြွယ် ဖုန်း-၀၈၂-၈၀၃၂၆။ ၄။ဒေါ်မြင့်မြင့်စိမ်း (စာရင်းစစ်မှူး)ဖုန်း-၀၈၂-၈၀၀၂၆။ ၅။ ဆရာမဒေါ်ခင်မြင့်အေး ဖုန်း-၀၈၂-၈၀၁၉၄ ၆။ဆရာမဒေါ်ခင်မေကြည် ရန်ကုန်မြို့ ဖုန်း-၀၉-၈၀၃၄၁၁၄၊ ၀၁-၆၉၀၁၅၄။ ၇။ဒေါ်စောနီလာ မန္တလေး-ဖုန်း- ၀၂-၆၁၂၅၀။ ၈။စိုင်းမြင့်ကြည်(အားလုံ) မန္တလေး-ဖုန်း- ၀၉-၂၀၀၁၅၀၄။
ပူဇော်ပွဲကျင်းပရေးကော်မတီ။

တိုက်ခန်းရောင်းမည်

Room Type၊လမ်းမထောင့်၊ ဝရန်တာသုံးခု၊ လိုင်းခွဲဖုန်း၊ ငါးထပ်အပေါ်ဆုံး၊ တိုက်(၄)၊အခန်း ၅၀၈၊ မြိုင်ဟေဝန်အိမ်ရာ ရှစ်မိုင်၊ ဂျမ်းရှင်းအိတ် အနီး၊ ဖုန်း-၆၆၇၀၃၆။
ဦးသက်မောင်(ခ)စိုးတင့်။

ကျေးဇူးဆပ်ပါမည်

ကျွန်မမဇာနွယ်အောင် နိုင်ငံသားစိစစ်ရေး အမှတ်၁၂/သဃက(နိုင်) ၀၄၁၅၄၅၊ နိုင်ငံကူး လက်မှတ် **P.P .No. 603674**သည်၂၈-၁၂-၂၀၀၄ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်း ကြားပေးပါရန်။
မဇာနွယ်အောင် ဖုန်း-၅၇၂၃၄၅။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူပျောက်ထားခြင်း

မော်တော်ယာဉ်အမှတ် ၂ခ/၈၄၀၉ လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်) သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)။

Welding သင်တန်းခေါ်ယူခြင်း

ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုသူများ၊ ပြည်တွင်းလုပ်ငန်းခွင်ဝင်ရောက်လိုသူများ၊ အတတ်ပညာရပ်တစ်ခုအဖြစ် တတ်မြောက်လိုသူများအတွက် နိုင်ငံခြားပြန်ဝါရင့်နည်းပြဆရာမှ ခေတ်မီစက်ကိရိယာများဖြင့် Welding သင်တန်းဖွင့်လှစ်ပြီး 4G အဆင့်ထိ သင်ကြားပေးလျက်ရှိရာ တက်ရောက်သင်ကြားလိုသူများ တောင်ဒဂုံစက်မှုဇုန်ရှိ Arbourfield အဆင့်မြင့်သင်တန်းကျောင်းတွင် စာရင်းပေး တက်ရောက်နိုင်ပါသည်။
(နယ်မှသင်တန်းသားများအတွက် တည်းခိုရန်စီစဉ်ပေးမည်)
ဆက်သွယ်ရန် ဖုန်း-၀၉ ၈၀-၂၀၈၆၇၊ ၅၉၁၂၉၄။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ ကြီးကြပ်တည်ဆောက်လျက်ရှိသော လူနေဆိုင်ခန်း ၄၅ခန်းအတွက် သံလိပ်တံခါး ၅၃ပေါက်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမည်	အရေအတွက်	တင်ဒါလက်ခံရက်	တင်ဒါပိတ်ရက်
(က)	သံလိပ်တံခါး	၅၃	၁၀-၁-၂၀၀၅	၁၂-၁-၂၀၀၅ (မွန်းတည့် ၁၂:၀၀နာရီ)

၂။ အသေးစိတ်အချက်အလက်များကို (တာဝန်ခံအင်ဂျင်နီယာ၊ တည်ဆောက်ရေးအုပ်ချုပ်မှုရုံး၊ ပင်မဝင်ပေါက်အနီး၊ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းဝင်း)တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်တယ်လီဖုန်း။ ၀၉-၈၀-၂၅၀၀၅/၀၉-၅၀-၀၉၇၉၃

တင်ဒါပေးသွင်းရန်နေရာ။ တည်ဆောက်ရေးအုပ်ချုပ်မှုရုံး၊ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းဝင်း၊ ပင်မဝင်ပေါက်အနီး။

တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ။

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်သိန်း(တရားရုံးချုပ်တရားသူကြီး)၏ဇနီး ဗိုလ်ကြီးဒေါ်လှငွေ (ငြိမ်း) အသက် (၆၅)နှစ်သည် ၄-၁-၂၀၀၅ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
ရခိုင်ပြည်နယ်တရားသူကြီးနှင့် ပြည်နယ်တွင်းရှိတရားရုံးများမှ တရားရေးဝန်ထမ်းများ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်၌ ဖွံ့ဖြိုး တိုးတက်လာသော ညီနောင်သွေးချင်း တိုင်းရင်းသားတို့၏ ချင်းပြည်နယ် ဟားခါးမြို့ကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က ဤသို့ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-ထွေးကြည်(မြန်မာ့အလင်း)

တောင်ဇလပ်ပန်းနှင့် အလှချင်းပြိုင်နေကြသည့် ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုများ

သတင်းမှတ်စု- စိန်ရွှေလှိုင်၊ ဓာတ်ပုံမှတ်တမ်း- ထွေးကြည် (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၆

ချင်းပြည်နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၀၀၀ ကျော်မြင့်ပြီး မြင့်မားမတ်စောက်သော တောင်တန်းများ၊ ချိုင့်ဝှမ်းများ ထူထပ်သောဒေသဖြစ်သည်။ ထို့ကြောင့် တစ်မြို့နှင့်တစ်မြို့၊ တစ်ရွာနှင့်တစ်ရွာ၊ တစ်ဒေသနှင့်တစ်ဒေသ သွားလာရေးမလွယ်ကူလှ။ အထူးသဖြင့် တိုင်းရင်းသားများနေထိုင်ရာ ချင်းပြည်နယ် တောင်ပေါ်ရွာများကို ပိုမို သွားလာရေး ခက်ခဲသည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို အကြားအလပ်မကျန် ကွက်ပြည့် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးသည်လည်း ပွင့်လန်းဝေဆာလာသည်။ ကျေးလက်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်။ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိလာသည်။ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးများလည်း တိုးတက်လာသည်။ ဟားခါးမြို့နယ်တွင် ငွေကျပ် ၅၀၀၀၀၀ အကုန်အကျခံ၍ မတူပီလမ်း ၅၆ မိုင်မှ ဇောင်ထိကားလမ်း၊ ငွေကျပ် ၂၀၀၀၀၀ အကုန်အကျခံ၍ ဒေါင်ဗား-ဒင်လိုပါ ဂျစ်ကားလမ်း၊ ငွေကျပ် ၄၀၀၀၀၀

စာမျက်နှာ ၆ ကော်လံ ၁ ●

အောင်နိုင်ဆုလှမ်းကိုင်ဆွတ်ခူး

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အ ထိမ်း အ မှတ် အဖြစ် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများကို သန်လျင်မြို့နယ် လက်ယက်စမ်း ကျေးရွာတွင် ဇန်နဝါရီ ၄ ရက်က ကျင်းပရာ မြန်မာ့ရိုးရာ အားကစားနည်း တစ်မျိုးဖြစ်သော ချောတိုင်တက် ပြိုင်ပွဲတွင် အောင်နိုင်ဆုကျပ် တစ်သောင်း ဆွတ်ခူးသွားသော ညီမောင်နှင့် အဖွဲ့ အောင် နိုင် ဆု ကို လှမ်းကိုင် ဆွတ်ခူးစဉ်။
(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရေခဲစိုင်ကြီးများအရည်ပျော်

ရာသီဥတုပူနွေးလာမှုကြောင့် ရေခဲစိုင်ကြီးများ အရည်ပျော်နေသည်ကို ဂြိုဟ်တုမှ ရိုက်ကူးထားသည်ကို တွေ့ရစဉ်။ **(အောက်ပုံ)** နယူးဇီလန်နိုင်ငံရှိ ရေခဲစိုင်ကြီးများသည် ရာသီဥတုပူနွေးလာမှုကြောင့် အရည်ပျော်ကျလျက်ရှိပြီး ပင်လယ်ရေပြင်သို့ မျောပါလျက်ရှိကြခြင်းသည် ကမ္ဘာ့ရာသီဥတု ပူနွေးလာမှုကို သက်သေပြလျက်ရှိကြောင်း နယူးဇီလန်နိုင်ငံသားများက အခိုင်အမာ ပြောကြားခဲ့ကြသည်။ **(အေအက်ဖ်ပီ)**

အင်္ဂါဂြိုဟ်မျက်နှာပြင်

အင်္ဂါဂြိုဟ်လှည့်လာရေးယာဉ် စပရစ်မှ ပေးပို့ထားသော အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ် ရှိ တက်တဲလ်အမည်ရှိ ကျောက်ဆောင်ကျောက်ခဲများပုံကို တွေ့ရစဉ်။ **(အပေါ်ပုံ)** အင်္ဂါဂြိုဟ်လှည့်လာရေးယာဉ် အော့ပိုကျူနီတီနှင့် စပရစ်တို့က အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် တစ်နှစ်ကြာ လှည့်လာခဲ့ပြီးနောက် အဆိုပါ တက်တဲလ်အမည်ရှိ ကျောက်ဆောင်ကျောက်ခဲများကို တွေ့ရှိခဲ့ပြီး တစ်ချိန်က ရေစီးကြောင်းများရှိခဲ့ကြောင်း အတည်ပြုခဲ့သည်။ **(အေအက်ဖ်ပီ)**

ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

ဒီဇင်ဘာ ၂၁ ရက်က မြောင်းမြစက်မှုဇုန်တွင် မင်းမဟာမော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းကတီထွင်စမ်းသပ်ထုတ်လုပ်ထားသော (CNG)သဘာဝဓာတ်ငွေ့သုံး ရေတင်အင်ဂျင်စက်အား နွေစပါးရာသီအမီ စိုက်ပျိုးနိုင်ရေးအတွက် ရေတင်အသုံးပြုနိုင်မှုအခြေအနေကို ဧရာဝတီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးလှမျိုးနှင့် မြောင်းမြခရိုင်အတွင်းရှိ ငါးမြို့နယ် မြို့နယ်ဥက္ကဋ္ဌများ ကြည့်ရှုလေ့လာကြစဉ်။
(ခရိုင် ပြန်/ဆက်)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

- ✻ မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
- ✻ သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
- ✻ ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
- ✻ သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
- ✻ အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။